# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၈)ရက် ၊ ကြာသပတေးနေ့ ၊ (9-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့်အရာရှိကြီးများကို ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့်အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး Banquet Hall ၌ ကျင်းပပြုလုပ်ရာ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁

**ပေးအပ်ချီးမြှင့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား
ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်ကိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com

ရတနာပုံ
၂၀၂၆ ခုနှစ် ဧပြီ ၉ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်များဘဝ တိုးတက်စေရေး စာအုပ်စာပေဖတ်ရှုပေး

လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာပါက လူငယ်တို့၏ အနာဂတ်ဘဝတစ်လျှောက်တွင် လူတစ်လုံးသူတစ်လုံးရပ်တည်ရှင်သန်နိုင်စေမည်ဖြစ်သည့်အပြင် နိုင်ငံတော်အတွက်လည်း အားကိုးအားထားပြုရသော သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် လိုအပ်သော အရည်အသွေး၊ အရည်အချင်းများ ဖြည့်ဆည်းနိုင်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ စာအုပ်စာပေဖတ်ရှုခြင်းဖြစ်သည်။

**"အလိမ္မာစာမှာရှိ၊ စာအုပ်စာပေလူ့မိတ်ဆွေ"** ဟုဆိုသည့်အတိုင်း စာပေ၌ မွေ့လျော်သူသည် ယဉ်ကျေးသိမ်မွေ့ပြီး လူတော်လူကောင်းဖြစ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ လူ့ဘဝတွင် လူတိုင်းသိသင့်သည့် အသိပညာ၊ အလိမ္မာတို့ တိုးပွားလာစေရန် သုတ၊ ရသစာပေမျိုးစုံကို ဖတ်ရှုကြရန်လိုပေသည်။

လူငယ်များအနေဖြင့် အားလပ်ချိန်များတွင် အကျိုးမရှိသော ဂိမ်းကစားခြင်း၊ ဆိုရှယ်မီဒီယာ အသုံးပြုခြင်းစသော ကိစ္စရပ်များဖြင့် အချိန်မဖြုန်းဘဲ မိမိဘဝအတွက် အကျိုးရှိမည့်၊ ဘဝတိုးတက်အောင်မြင်စေမည့် စာကောင်းပေမွန်များကို ဖတ်ခြင်းဖြင့်သာ အချိန်ကို အကျိုးရှိစွာ အသုံးချသင့်ပေသည်။ စာပေဖတ်ရှုခြင်းက ဘဝတစ်လျှောက်လုံးအတွက် အဆိုး၊ အကောင်းဝေဖန်ပိုင်းခြားနိုင်သော ဦးနှောက်အသိကို ရရှိစေသည်။ စာပေဖတ်ရှုရာတွင်လည်း ရှေးဟောင်းစာပေ၊ ခေတ်အဆက်ဆက် မှတ်တမ်းတင်ထားသော ဂန္ထဝင်စာပေ၊ ခေတ်ပေါ်စာပေ၊ စကားပြေ၊ စကားပြော အမျိုးမျိုးစသည်ဖြင့် စာပေမျိုးစုံဖတ်ရှုသင့်ပေသည်။

ထို့ကြောင့် စာဖတ်ခြင်းအလေ့ကောင်းကို ဘေးဖယ်ထားခြင်းသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် အလွယ်တကူရယူနိုင်သည့် အခွင့်အရေးကောင်းတစ်ခုကို လက်လွှတ်လိုက်ခြင်းပင်ဖြစ်သည်။ စာပေဖတ်ရှုခြင်းသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် အလွန်အကျိုးကျေးဇူးများသဖြင့် ထိုအကျိုးကျေးဇူးများကို သိမြင်နားလည်သော လူငယ်လူရွယ်များက ဘဝတိုးတက်အောင်မြင်ရေးအတွက် အလွယ်တကူရယူဆောင်ရွက်နိုင်သော စာဖတ်ခြင်းအလေ့ကို မွေးမြူကြရမည်။

စာအုပ်စာပေ ဖတ်ရှုခြင်းကြောင့် လူမှုဘဝအတွက်အောင်မြင်မှုများစွာနှင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါသည်။ အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် စာဖတ်ခြင်းအလေ့ကို မွေးမြူကြရပေမည်ဖြစ်သည်။ စာဖတ်သောလူမျိုးသည် တိုးတက်ပြီး တိုးတက်သောသူများသည် စာဖတ်ကြသည်ဆိုသည့်အတိုင်း အကျိုးကျေးဇူးများစွာရှိသော စာအုပ်စာပေဖတ်ရှုခြင်းကို လူငယ်များအလွယ်တကူဖတ်ရှုနိုင်စေရန် စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ရပ်ကွက်များ၊ ကျေးရွာများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

သို့ဖြစ်ရာ စာဖတ်ခြင်းမှ စိတ်ဓာတ်ခွန်အားများအပြင် ဘဝအတွက်လိုအပ်သော အသိပညာများကို များများနှင့် မြန်မြန်ရယူနိုင်သကဲ့သို့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစသည့်ကိစ္စရပ်များ၊ အကြောင်းအရာများကို သိရှိနိုင်သောကြောင့် လူငယ်များအနေဖြင့် ဘဝတိုးတက်စေရေးအတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပန်းနှမ်း ၇၄၅၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပန်းနှမ်း ၇၄၅၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၈၅၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပန်းနှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကနီမြို့နယ်တွင် ဧက ၄၉၂၀၊ ဆားလင်းကြီးမြို့နယ်တွင် ၄၃၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၂၁၀၀ စုစုပေါင်း ၇၄၅၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၀၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပန်းနှမ်း ၈၅၅၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပန်းနှမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၇၄၅၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပန်းနှမ်းစိုက်ပျိုးမှုကို ကသာနှင့် ကောလင်းတို့တွင် အများဆုံး စိုက်ပျိုးလေ့ရှိကြောင်း၊ ပန်းနှမ်းစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပန်းနှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင်းပန်းနှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ



**မြန်အောင် ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများကို ယခုနှစ် မတ်လစတုတ္ထပတ်မှ စ၍ ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါမြို့နယ်မှထွက်ရှိသည့် နဂါးမောက်သီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ နဂါးမောက်သီးများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ပါ ပြန်လည်ဖြန့်ဖြူး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မြန်အောင်မြို့နယ်မှာ နဂါးမောက်သီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ နဂါးမောက်သီးတွေကို ရန်ကုန်ဈေးကွက်က အခုဧပြီလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်ထားပါတယ်" ဟု မြန်အောင်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြ၍ သိရသည်။

အဆိုပါ နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်နေခြင်းကြောင့် နဂါးမောက်သီးစိုက်တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပျော်ဘွယ်မြို့နယ် ဖက်တောကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပျော်ဘွယ် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖက်တောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ် ဖက်တောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမှ ရွေးချယ်ထားသော လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် သမန်းကျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သမန်းကျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဧပြီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သမန်းကျားကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၉သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သမန်းကျားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၅ ဒသမ ၈သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၅၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၈ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၉ သန်း ထုတ်ချေး ပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သဲကုန်း ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်နှစ်ဆင့်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း (RBF)စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကန်နှစ်ဆင့်ကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ တင်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲတီစိမ်း ၂၁၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲတတ်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ် ဇီးဖြူချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးအိမ်တန်းကျေးရွာအုပ်စု ဇီးဖြူချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးပေးခြင်းကို ဧပြီ ၇ ရက်က အဆိုပါကျေးရွာ ဓမ္မာရုံ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးကျော်စွာမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဇီးဖြူချောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၃၁ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**

# ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ မတ်လအတွင်း ခရီးသွားဧည့်သည် အများအပြားလာရောက်လည်ပတ်ခဲ့

**ငပုတော ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တင်းချောင်းကျေးရွာအနီး ငွေတောင်ကမ်းခြေသို့ မတ်လအတွင်း ခရီးသွားဧည့်သည်ဦးရေ အများအပြား လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်း အသင်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေကို ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ခရီးသွားဧည့်သည် ၅၄၅၂ ဦးထိသာ ဝင်ရောက်လည်ပတ်ခဲ့ပြီး မတ်လအတွင်း ခရီးသွားဧည့်သည် ၅၅၁၀၄ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"မြတ်မော်တင်စွန်းစေတီ အနီးက ငွေတောင်ကမ်းခြေကို ခရီးသည်တွေ အများအပြား လာရောက်လည်ပတ်ခဲ့ပါတယ်။ မတ်လအတွင်းမှာ ဘုရားပွဲ နောက်ဆုံးရက် တပေါင်းလပြည့်နေ့နဲ့လဲ တိုက်ဆိုင်သွားတဲ့အပြင် ကျောင်းသား၊ ကျောင်းသူတွေ စာမေးပွဲပြီးချိန်လဲဖြစ်နေတာကြောင့် လာရောက်အပန်းဖြေအနားယူလည်ပတ်သူတွေ များခဲ့တာဖြစ်ပါတယ်။ ခရီးသည်တွေက ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးကနေ လာရောက်လည်ပတ်ကြသူတွေ အများဆုံးဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်း အသင်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

အဆိုပါ ငွေတောင်ကမ်းခြေကို လာရောက်လည်ပတ် အပန်းဖြေခဲ့သည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ စိတ်ချမ်းသာစွာ အနားယူလည်ပတ်နိုင်စေရန်၊ သန့်ရှင်းမှုရရှိစေရန်၊ စနစ်တကျ အနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများက ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# အင်းဝမြို့က ဗားကရာကျောင်း

ဗိုလ်ရှိတ်(ရတနာပူရ)

**❖ အင်းဝမြို့ရှိ ဗားကရာကျောင်းတော်ကြီးကို တည်ဆောက်လှူဒါန်းခဲ့သူမှာ အတွင်းဝန်နေမျိုးကျော်ထင် အမတ်ကြီးဖြစ်ကြောင်း သိရပေသည်။ ကျမ်းပြီးနိဂုံးတွင် ကျောင်းတော်ကြီး၏ပုံစံကို ဘုံလေးဆင့်ဟု မှတ်တမ်းတင်ထားသည်။ ယခုမျက်မှောက်ခေတ်တွင်လည်း ဘုံလေးဆင့်ကျောင်းတော်ကြီးပင်ဖြစ်သောကြောင့် ကျမ်းပြီးနိဂုံးနှင့် တစ်ထပ်တည်းကျနေပေသည်။ သိမ်မှာလည်း ကျောင်းတော်ကြီး၏အရှေ့မြောက်ထောင့် တံတိုင်းအတွင်း၌ရှိသည်။ ကျောင်းတော်ကြီး တည်ဆောက်ပြီးခဲ့စဉ်ကာလက ကျောင်းတော်ကြီးအတွင်း၊ အပြင်တွင် ရွှေရောင်တို့ဖြင့် ပြောင်ပြောင်လင်းထိန်နေခဲ့ကြောင်းကို ကျမ်းပြီးနိဂုံးအရ သိရပေသည်။ ❖**

ယခင်တစ်ပတ်မှအဆက်

**ကျောင်းဒကာအမတ်ကြီးနေမျိုးကျော်ထင်**

အင်းဝမြို့ရှိ ဗားကရာကျောင်းတော်ကြီးကို တည်ဆောက်လှူဒါန်းခဲ့သူမှာ အတွင်းဝန်နေမျိုးကျော်ထင် အမတ်ကြီးဖြစ်ကြောင်း သိရပေသည်။ ကျမ်းပြီးနိဂုံးတွင် ကျောင်းတော်ကြီး၏ပုံစံကို ဘုံလေးဆင့်ဟု မှတ်တမ်းတင်ထားသည်။ ယခု မျက်မှောက်ခေတ်တွင်လည်း ဘုံလေးဆင့်ကျောင်းတော်ကြီးပင်ဖြစ်သောကြောင့် ကျမ်းပြီးနိဂုံးနှင့် တစ်ထပ်တည်းကျနေပေသည်။ သိမ်မှာလည်း ကျောင်းတော်ကြီး၏အရှေ့မြောက်ထောင့် တံတိုင်းအတွင်း၌ရှိသည်။ ကျောင်းတော်ကြီး တည်ဆောက်ပြီးခဲ့စဉ်ကာလက ကျောင်းတော်ကြီးအတွင်း၊ အပြင်တွင် ရွှေရောင်တို့ဖြင့် ပြောင်ပြောင်လင်းထိန်နေခဲ့ကြောင်းကို ကျမ်းပြီးနိဂုံးအရ သိရပေသည်။

**ကျောင်းတော်ကြီး တည်ဆောက်သည့်ခုနှစ် စိစစ်ချက်**

ဓမ္မနီတိနိဿယကျမ်းပြီး နိဂုံးတွင် ဓမ္မနီတိနိဿယကျမ်းကို ၁၁၄၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်(၁၇၈၃ ခုနှစ် ဧပြီ ၁၇)တွင် ပြီးသည်ဟု ဆိုထားသောကြောင့် ထိုအချိန်အခါက အင်းဝမြို့တွင် ဘိုးတော်ဗဒုံမင်း စိုးစံနေချိန်ဖြစ်သည်။ ဓမ္မနီတိနိဿယကျမ်းကို ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ပြုစုခဲ့ခြင်းဖြစ်သည်။ ကျမ်းပြုစုခြင်းအကြောင်းကိုလည်း "မြေကြီးသနင်း မင်းဧကရာဇ်၏ခြေတော်ရင်းကျွန်ယုံဖြစ်သော ဒရင်မှန်ကူအမည်ရှိသော တောင်ဘက်တိုက်ဝန်မင်းက တောင်းပန်၍ ပြုစုရခြင်းဖြစ်ကြောင်း ကျမ်းပြီးနိဂုံး၌ ဆိုထားသည်။ "ဒရင်မှန်ကူ" ဆိုသည်မှာ ဘိုးတော် ဗဒုံမင်းတရားကြီး၏ ရဲဘော်ကျွန်ရင်း တစ်ကျိပ်နှစ်ယောက်မှ တစ်ဦး၏ အမည်ဖြစ်သည်။

ကျောင်းတည်ဆောက်လှူဒါန်းသော ကျောင်းဒကာကိုလည်း "ထိုမြေကြီးသနင်း မင်းဧကရာဇ် အတွင်းဝန်ဖြစ်သော နေမျိုးကျော်ထင်အမတ်ကြီးသည်"ဟု ဆိုထားသဖြင့် အတွင်းဝန်နေမျိုးကျော်ထင် အမတ်ကြီးသည် ဘိုးတော်ဗဒုံမင်းတရားကြီး၏ အတွင်းဝန်အမတ်ကြီးဖြစ်ကြောင်း သိရပေသည်။ ထို့ကြောင့် ဗားကရာကျောင်းတော်ကြီးကို ဘိုးတော်ဗဒုံမင်း အင်းဝမြို့၌ နန်းစံနေစဉ် သူ၏အတွင်းဝန်အမတ်ကြီး နေမျိုးကျော်ထင်က တည်ဆောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဓမ္မနီတိနိဿယကျမ်းပြီးနိဂုံးအရ အင်းဝဗားကရာကျောင်းတော်ကြီးကို ဘိုးတော်ဗဒုံမင်း အင်းဝမြို့၌ နန်းစံနေစဉ် အတွင်းဝန်အမတ်ကြီး နေမျိုးကျော်ထင်က ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရပြီဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် အင်းဝမြို့၌ ၁၁၄၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် (၁၇၈၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်)နေ့ နန်းတက်သည်။ ၁၁၄၅ ခုနှစ် နယုန်လဆန်း ၁၂ ရက် (၁၇၈၃ ခုနှစ် မေ ၁၃ ရက်)တွင် အင်းဝမှ အမရပူရမြို့သစ်သို့ ပြောင်းသည်။ ထို့ကြောင့် ဗဒုံမင်းသည် အင်းဝမြို့၌ တစ်နှစ်နှင့် ရက် ၉၀ နန်းစံနေခဲ့သည်။ ထိုအချိန်အတွင်း ဗားကရာကျောင်းတော်ကြီးကို အမတ်ကြီးက တည်ဆောက်ခဲ့မည်ဖြစ်သည်။

ဓမ္မနီတိနိဿယကျမ်းပြီးနှစ်မှာ ၁၁၄၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် (၁၇၈၃ ခုနှစ် ဧပြီ ၁၇ ရက်)ဖြစ်သည်။ ဓမ္မနီတိနိဿယကျမ်းကို ဗားကရာကျောင်းတော်ကြီး၌ သီတင်းသုံးနေစဉ် ရေးသားပြီးစီးခဲ့သည်ဟု ဆိုသောကြောင့် ၁၁၄၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် (၁၇၈၃ ခုနှစ် ဧပြီ ၁၇ ရက်) မတိုင်မီကတည်းက ကျောင်းတော်ကြီးမှာ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။ ထိုကျမ်း၌ပင် ကျောင်းဒကာ နေမျိုးကျော်ထင်၏ အတွင်းဝန်ဟူသောရာထူးကို ထည့်သွင်းရေးသားထားသောကြောင့် အတွင်းဝန်အမတ်ကြီး နေမျိုးကျော်ထင်သည် အတွင်းဝန်ဘွဲ့ရပြီးမှကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်မည်ဟု ယူဆရသည်။

အတွင်းဝန်ဘွဲ့ကို အမတ်ကြီးရရှိခဲ့သည်မှာ ဘိုးတော်ဗဒုံမင်းလက်ထက်ဖြစ်သည်။ ၁၁၄၄ ခုနှစ် ပြာသိုလဆန်း ၁ ရက် (၁၇၈၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်)တွင် အတွင်းဝန်ရာထူးကို ရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အင်းဝမြို့ ဗားကရာကျောင်းတော်ကြီးကို ၁၁၄၄ ခုနှစ် ပြာသိုလ (၁၇၈၂ခုနှစ် ဒီဇင်ဘာ)တွင် စတင်၍ တည်ဆောက်ခဲ့ပြီး ၁၁၄၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် (၁၇၈၃ ခုနှစ် ဧပြီ ၁၇ ရက်)အတွင်း ပြီးစီးခဲ့သည်ဟု ယူဆရပေသည်။

**မင်းခမ်းတော်စာတမ်းကြီးအဆို**

လက်ဝဲနော်ရထာပြုစုသော မင်းခမ်းတော် စာတမ်းကြီးတွင် ဘိုးတော်ဗဒုံမင်းက ပထမဗားကရာဆရာတော်အား ဘွဲ့တံဆိပ်ကပ်လှူသည့်အကြောင်းကို ဖော်ပြရာတွင် "အတွင်းဝန်မဟာသီရိဇေယသင်္ခယာက အဝဗားကရာတိုက်တွင် ကျောင်းဆောက်၍ ကိုးကွယ်သည်နှင့် အမရပူရမြို့တော်အနောက်တွင် ကိုးကွယ်ရန် အတွင်းဝန် မဟာသီရိဇေယသင်္ခယာက ကျောင်းဆောက်၍ ကိုးကွယ်သော ဗားကရာဆရာတော် ရှင်နန္ဒကိုလည်း တိပိဋကာလင်္ကာရပဝရမဟာဓမ္မရာဇဂုရုတံဆိပ်တော်"ဟူ၍ တွေ့ရသည်။ ဤတွင် ကျောင်းဆောက်သူမှာ အတွင်းဝန်မဟာသီရိဇေယသင်္ခယာဟူ၍ တွေ့ရသည်။ ဤဘွဲ့တံဆိပ်မှာ နေမျိုးကျော်ထင်အမတ်ကြီး ရရှိခဲ့သော ဘွဲ့မည်တစ်မျိုးဟု ဆိုနိုင်သည်။ လက်ဝဲနော်ရထာသည် ညောင်ရမ်းခေတ်နှောင်း ဟံသာဝတီပါမင်းလက်ထက်မှစ၍ ဘိုးတော်ဗဒုံမင်းလက်ထက်ထိ မင်းမှုထမ်းခဲ့သော သက်တော်ရှည် မင်းမှုထမ်းကြီးဖြစ်သည်။ ထို့ကြောင့်သူ၏ အမှတ်အသားသည်လည်း မမှားနိုင်ပေ။ ထိုအမည် ထိုဘွဲ့သည်နေမျိုးကျော်ထင်၏ဘွဲ့အမည်တစ်မျိုးသာ ဖြစ်ရပေမည်။

**ကျောင်းဒကာအတွင်းဝန် နေမျိုးကျော်ထင်အကြောင်း**

ကျောင်းဒကာအတွင်းဝန် နေမျိုးကျော်ထင်၏ ဘဝအကြောင်းကို ပြည့်ပြည့်စုံစုံ မသိရပေ။ ရာဇဝင်ကြီးများ၊ မင်းခမ်းတော်စာတမ်းကြီး၊ ဗုဒ္ဓါဘိသေကစာတမ်း စသည့်ကျမ်းများနှင့် အခြားရေးမှတ်တမ်းတို့မှ ဟိုတစ်စသည်တစ်စ ပျံ့လွင့်နေသည်များကို စုစည်း၍ ပုံဖော်ကြည့်လျှင် အတွင်းဝန်နေမျိုးကျော်ထင်၏ဘဝကို အနည်းငယ်ပုံဖော်လာနိုင်သည်။

ကျောင်းဒကာအတွင်းဝန် အမတ်ကြီးနေမျိုးကျော်ထင်သည် ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်ကတည်းက မင်းမှုထမ်းခဲ့သော အမတ်ကြီးတစ်ဦးဖြစ်သည်။ အတွင်းဝန်ရာထူးကို ဘိုးတော်ဗဒုံမင်းအင်းဝမြို့၌ နန်းစံစဉ် နေမျိုးသီဟသူရ၊ လက်ဝဲနော်ရထာ အမတ်ကြီးတို့နှင့်အတူ ရရှိခဲ့ခြင်းဖြစ်သည်။ အမရပူရမြို့သစ်တည်ရာတွင် ရာဇဘိသေက နန်းတော်တည်ဆောက်ရေးလုပ်ငန်းကို အတွင်းဝန်နေမျိုးကျော်ထင်အမတ်ကြီးသည် အတွင်းဝန်အမတ် နေမျိုးသီဟသူရ၊ အတွင်းဝန်အမတ် နေမျိုးသီရိဇေယကျော်ထင်တို့နှင့်အတူ ကြီးကြပ်၍ ဆောက်လုပ်ရသည်။ ဗဒုံမင်းလက်ထက် ကျင်းပခဲ့သော ဗုဒ္ဓါဘိသိက်ခံအခမ်းအနားတွင် အတွင်းဝန်အမတ်ကြီး နေမျိုးကျော်ထင်သည် လက်ဝဲနော်ရထာစသော အမတ်ကြီးများနှင့်အတူ ပါဝင်ဆောင်ရွက်ပေးခဲ့ရသည်။

**အတွင်းဝန်အမတ်နေမျိုးကျော်ထင် ရရှိခဲ့သော ရာထူးများ**

အမတ်ကြီးသည် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ဘွဲ့အမည်အမျိုးမျိုး ရရှိခဲ့ဟန်တူသည်။ ဘိုးတော်ဗဒုံမင်းကမေး၍ "ကျောင်းဒကာ မကွေးမြို့စား"ဟူ၍ သုံးနှုန်းရေးသားထားသည်ကို တွေ့ရသည်။ ထို့ကြောင့် အတွင်းဝန်အမတ်ကြီး နေမျိုးကျော်ထင်သည် မကွေးမြို့စားရာထူးကိုလည်း ရရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့်လည်း ဆရာတော် ၁၀၅ ပါး စာရင်းတွင် ဗားကရာကျောင်းတော်ကြီး တည်ဆောက်လှူဒါန်းသူကိုဖော်ပြရာ၌ မကွေးမြို့စားအတွင်းဝန်ဟု ဆိုခဲ့ခြင်းဖြစ်ပေသည်။ အတွင်းဝန်အမတ်ကြီး ရရှိခဲ့သော ရာထူးဘွဲ့အမည်များကို ဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်ပေသည်။

၁။ နေမျိုးကျော်ထင်
(ဆင်ဖြူရှင်မြေဒူးမင်း လက်ထက်)
၂။ မကွေးမြို့စား(အမေးတော်ဖြေကျမ်း)
၃။ အတွင်းဝန်(၁၁၄၄ ခုနှစ်)
၄။ သက်ရှည်ကျော်ထင်(၁၁၄၅ ခုနှစ်)
၅။ အတွင်းဝန်မဟာသီရိဇေယသင်္ခယာ
(မင်းခမ်းတော်စာတမ်း)
၆။ မဟာသီရိဇေယသင်္ကြံ(စွယ်စုံကျမ်း ၇)

အတွင်းဝန်အမတ်ကြီး နေမျိုးကျော်ထင်သည် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ဘွဲ့အမည်အမျိုးမျိုးဖြင့် မြှောက်စားချီးမြှင့်ခံခဲ့ရသည်ကို တွေ့ရသည်။

ရေးမှတ်တမ်းတို့တွင် အင်းဝမြို့ ဗားကရာကျောင်းတော်ကြီး တည်ဆောက်လှူဒါန်းခဲ့သူကို အမတ်ကြီး ရရှိခဲ့သော ဘွဲ့အမည်များမှ အမည်တစ်မျိုးကိုသာ ဖော်ပြထားခြင်းဖြစ်သဖြင့် ကျောင်းတော်ကြီး တည်ဆောက်လှူဒါန်းသူ၏ အမည်ကွဲပြားနေခြင်းဖြစ်သည်။ အမှန်က နေမျိုးကျော်ထင်အမတ်ကြီး၏ ဘွဲ့အမည်ကွဲများသာ ဖြစ်ပေသည်။

**ဘဝနေဝင်ချိန်အမိန့်တော်**

အတွင်းဝန်အမတ်ကြီး နေမျိုးကျော်ထင်သည် ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်မှစ၍ ဘိုးတော် ဗဒုံမင်းလက်ထက်ထိ ရာထူးအမျိုးမျိုးဖြင့် မြှောက်စားချီးမြှင့်ခံခဲ့ရသော်လည်း ဘိုးတော်ဗဒုံမင်းလက်ထက်၌ပင် မင်းပြစ်မင်းဒဏ်သင့်ခဲ့ရသည်။ ထိုအကြောင်းကို အောက်ပါအမိန့်တော်ဖြင့် သိနိုင်ပေသည်။

**အမိန့်တော်**

"မဟာသီရိဇေယအသင်္ခယာခံ ငမြတ်တော်(နေမျိုးကျော်ထင်)သည် မှူးကြီး၊ မတ်ကြီးကျောင်းတကာဖြစ်လျက် ပိဋကတ်စာတော် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး စာတော်များကို တိပိဋကာလင်္ကာရသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်ခံ ဗားကရာကျောင်းနေ ငကျော်ထွေးကျောင်းသို့ ဆောင်ယူသွားသည်ကို ကျေးဇူးသစ္စာတော်ရှိသည့်အတိုင်း မလျှောက်မထားနေသူဖြစ်သည်။ တိပိဋကာလင်္ကာရသီရိဓဇမဟာဓမ္မ ရာဇဓိရာဇဂုရုတံဆိပ်ခံ ဗားကရာကျောင်းနေ ငကျော်ထွေးလည်း ပိဋကတ်စာတော်များကို မသိမ်းယူသင့်သည်ကို သိမ်းယူထားသောကြောင့် မီးမသင့်တန်မီးသင့်၍ ဆုံးရပေသည်။ ကျောင်းတကာ ငမြတ်တော်နှင့် ကျောင်းနေ ငကျော်ထွေးတို့နှစ်ဦးကို ရွှေမြို့တော်သို့ပို့၍ အနောက်သို့ သွားမြဲသွားစေ။

သက္ကရာဇ် ၁၁၅၆ ခုနှစ် တန်ခူးလဆန်း ၁၃ ရက် (၁၇၉၄ ခုနှစ် ဧပြီ ၁၃ ရက်) မင်းကွန်းအနောက်ဘက် စံနန်းတော်တွင် နားခံဇေယနော်ရထာတွင်ပြန်" ဟူသော အမိန့်အရ ပိဋကတ်များဆုံးရှုံးခဲ့ခြင်းကြောင့် ကျောင်းထိုင် ဗားကရာဆရာတော်ကြီးနှင့် ကျောင်းဒကာ အမတ်ကြီးကို ဗဒုံမင်းက အပြစ်ဒဏ်ပေးခဲ့သည်။ မည်သို့အပြစ်ပေးသည်ကိုကား ကွဲပြားစွာ မသိရပေ။ ထိုအပြစ်ဒဏ်အရ အမတ်ကြီးသည် ရာထူးအရှိန်အဝါများ မရှိတော့ဘဲ သာမန်ဘဝဖြင့်သာ နေဝင်ချိန်ကို ဖြတ်သန်းခဲ့ရသည်ဟု ဆိုရပါမည်။ ဤအမိန့်တော်အရ အမတ်ကြီး၏ငယ်မည်မှာ ဦးမြတ်တော်ဖြစ်ကြောင်း သိရသည်။ ဆရာနှင့်ဒကာတို့၏ ဘဝတူအကျိုးပေးများဟု ဆိုရန်သာရှိပေသည်။ ကျောင်းဒကာအမတ်ကြီး နေမျိုးကျော်ထင်၏ ဘဝအကြောင်းကို ယခုလောက် ဆက်စပ်ဖော်ထုတ်နိုင်သည်မှာ ဓမ္မနီတိနိဿယကျမ်းနိဂုံးကြောင့်ဟု ဆိုရပေမည်။

ဘိုးတော်ဗဒုံမင်းသည် အင်းဝမြို့တွင် နန်းတက်ခဲ့သော်လည်း အင်းဝမြို့၌ ကြာရှည်စွာမနေခဲ့ပေ။ ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက် (၁၇၈၂ ခုနှစ် အောက်တိုဘာ ၁၁ ရက်)ကတည်းက အမရပူရမြို့သစ်စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အမရပူရမြို့နန်း အလုံးစုံပြီးပြေသောအခါတွင် အင်းဝမှအမရပူရမြို့သို့ ပြောင်းရွှေ့စိုးစံခဲ့သည်။ အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့သောနေ့မှာ ၁၁၄၅ ခုနှစ် နယုန်လဆန်း ၁၂ ရက် (၁၇၈၃ ခုနှစ် မေ ၁၃ ရက်)ဖြစ်သည်။

ထိုသို့ နေပြည်တော်ကို ပြောင်းရွှေ့ရာတွင် သာသနာ့ဝန်ဆောင်ဆရာတော်ကြီးများပါ အမရပူရမြို့သစ်သို့ ပြောင်းရွှေ့ရသည်။ ဗားကရာဆရာတော်ကြီးသည်လည်း အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့ရလေသည်။

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

## တန်ခူးအကြို

- ရစ်ခွင်ဝယ် မြူမှုန်က
ပြန့်ကျဲကျ ချိန်ရာသီ
လွမ်းရပါသည်၊
ဥသြငှက် တေးသံညီ
ဝန်းကျင်မဟီ လေပြည်ဖြန့်၊
ရွက်သစ်ဝေ ပုရစ်ဖူးက
ကြည်နူးခြေဆန့်။

- တန်ခူးကို ကြိုဆိုပြု
နွေဥတု ရောက်လို့လာ
နီးကပ်သောခါ၊
သင်္ကြန်ပွဲ ဆင်ယင်ကာ
ပိတောက်ဝါ ကြိုင်လှိုင်ပွင့်၊
အတာသဘင် ရေစင်ဖျန်းတော့
လန်းဆန်းဂုဏ်တင့်။

- ရောဂါတွေ ကင်းစင်ဝေး
သာယာအေး သင်္ကြန်ဝယ်
ကုသိုလ်ပြုမယ်၊
မြန်မာ့ဓလေ့ ချစ်စဖွယ်
လက်ကမ်းသယ် ထမ်းရွက်၊
နှစ်သစ်ကို ကြိုဆိုကြလို့
လှပနေ့ရက်။ ။

**မောင်စစ်သွေး**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၉၃၄၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နေကြာ ၉၃၄၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၃၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၉၃၄၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၃၀ ဒသမ ၀၇ တင်းထွက်ရှိကြောင်း သိရသည်။

"မင်းကင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၆၃၃၇ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိအချိန်မှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၉၃၄၉ ကေ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပမှ စားအုန်းဆီ တင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့တယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေး၊ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပညာပေးသင်တန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် အုပ်နဲ့ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဝမ်းတွင်း ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တမာကန်ကျေးရွာအုပ်စု အုပ်နဲ့ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက စီမံကိန်း ရည်ရွယ်ချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့်တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့်ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ကျောင်းကုန်းမြို့နယ်တွင် ပေါ်ဆန်းဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ပေါ်ဆန်းဆန်များ ဝယ်ယူအားများပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် ဧပြီလ ပထမပတ်မှစတင်ပြီး ယနေ့ထိဒေသထွက်ပေါ်ဆန်းဆန်များ အဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန်များတစ်ရက်လျှင် အိတ်ရေ ၅၅၀၀ နှင့်အထက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပေါ်ဆန်းဆန်အမျိုးအစားက အခြားဆန်တွေထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်း စားသုံးအားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ပေါ်ဆန်းဆန်တွေကအရည်အသွေးကောင်းမွန်ပါတယ်။ အခုလို ပေါ်ဆန်းဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ ဆန်စပါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင် အဆင်ပြေလာတာ တွေ့ရပါတယ်။ လက်ရှိ ဒေသထွက်ဆန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူအားကောင်းလာတာပါ"ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ပေါ်ဆန်းဆန်အပါအဝင် အခြားဆန်များကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# နိုင်ငံတကာ သတင်းများ

## တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ မြောက်ကိုရီးယားသို့ သွားရောက်မည်



**ပေကျင်း ဧပြီ ၈**

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီသည် ဧပြီ ၉ ရက်မှ ၁၀ ရက်ထိ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည် ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ကပ်ဘေးစတင်ခဲ့ပြီးနောက် မကျေမလည်ဖြစ်ခဲ့ရသည့် နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ရန် တရုတ်နှင့် မြောက်ကိုရီးယားနှစ်ဖက်လုံးက ကြိုးစားနေစဉ် တရုတ်နိုင်ငံခြားရေး ဝန်ကြီး၏ မြောက်ကိုရီးယားခရီးစဉ် သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် တရုတ်နှင့်မြောက်ကိုရီးယားနိုင်ငံတို့ကြား မဟာဗျူဟာမြောက် ဆက်ဆံရေး အားကောင်းခိုင်မာစေရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားထားသည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီသည် မြောက်ကိုရီးယားနိုင်ငံသို့ ၂၀၁၉ ခုနှစ်တွင် နောက်ဆုံး တစ်ကြိမ်သွားရောက်ခဲ့ဖူးသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း မြောက်ကိုရီးယားသို့ တရုတ်ဝန်ကြီးချုပ် လီချန်းသွားရောက်ခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီ ထပ်မံသွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ အဓိကစီးပွားရေးနှင့် သံတမန်ရေး မိတ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဂရိနိုင်ငံ၌ အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်မည်

**အေသင် ဧပြီ ၈**

အသက် ၁၅ နှစ်အောက်ကလေးများလူမှုမီဒီယာ သုံးစွဲခွင့်ကို ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပိတ်ပင်မည်ဖြစ်ကြောင်း ဂရိဝန်ကြီးချုပ် ကီရီယာကော့ခ်မစ်ဆိုတားကစ်က ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

လူမှုမီဒီယာ သုံးစွဲမှုကြောင့် ကလေးများကြား စိတ်ကျန်းမာရေးပြဿနာ၊ အွန်လိုင်းစွဲလမ်းမှု ပြဿနာများ ပေါ်ထွက်လာမည့် အရေးကို တားဆီးရေးအတွက် အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲခွင့်ကို ပိတ်ပင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဂရိဝန်ကြီးချုပ်က ပြောကြားထားသည်။

ဂရိပြည်တွင်း အဖွဲ့အစည်းများ၏ စစ်တမ်းကောက်ခံချက်ရလဒ်များအရ အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာ သုံးစွဲမှု ပိတ်ပင်ရေးအစီအစဉ်ကို ဂရိပြည်သူ ၈၀ ရာခိုင်နှုန်းခန့်က ထောက်ခံကြောင်း သိရသည်။

အဆိုပါပိတ်ပင်ချက် စတင်အာဏာသက်ဝင်ချိန်တွင် ဂရိနိုင်ငံအနေဖြင့် ကလေးများလူမှုမီဒီယာ သုံးစွဲမှုကို ပိတ်ပင်ထားသည့် ပထမဆုံး ကမ္ဘာ့နိုင်ငံများထဲတွင် ပါဝင်လာမည်ဖြစ်ကြောင်း ဂရိဝန်ကြီးချုပ် မစ်ဆိုတားကစ်က ပြောကြားထားသည်။

ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ခဲ့သည့် ပထမဆုံး ကမ္ဘာ့နိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်သည်။

ဆလိုဗေးနီးယား၊ ဖြိတိန်၊ ဩစတြီးယား၊ စပိန်စသည့်ဥရောပနိုင်ငံများသည်လည်း ကလေးများလူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ရန် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဘာရိန်းနိုင်ငံ၏ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်း ရုရှားနှင့် တရုတ်နိုင်ငံတို့ ဗီတိုအာဏာဖြင့် ပယ်ချ

**နယူးယောက် ဧပြီ ၈**



ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ကာကွယ်ရေးအတွက် ကမ္ဘာ့နိုင်ငံများပူးပေါင်းကြိုးပမ်းရန် အဆိုပြုထားသော ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းကို ရုရှားနှင့် တရုတ်နိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြောင်း ဧပြီ ၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဧပြီ ၇ ရက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမဲခွဲပွဲတွင် ဘာရိန်းနိုင်ငံက အဆိုပြုထားသည့် ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံတို့က ထောက်ခံခဲ့ကြသော်လည်း ရုရှားနှင့် တရုတ်နိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်းဖြစ်သည်။

အဆိုပါ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းသည် အီရန်နိုင်ငံအပေါ် မတရားရာကျကြောင်း ရုရှားနှင့် တရုတ်သံတမန်များက ပြောကြားထားသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် ဆုံးဖြတ်ချက်မူကြမ်းသစ်တစ်ရပ်ကို လုံခြုံရေးကောင်စီသို့တင်ပြရန် ရုရှားနှင့် တရုတ်သံတမန်များက စီစဉ်ထားသည်။

မီဒီယာများ၏အဆိုအရ ရုရှားနှင့် တရုတ်တို့၏ဆုံးဖြတ်ချက်မူကြမ်း၌ ပစ်ခတ်တိုက်ခိုက်မှုများ ချက်ချင်းရပ်ဆိုင်းရန်နှင့် ပြဿနာများကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန် တောင်းဆိုထားသည်။

ရုရှားနှင့် တရုတ်တို့၏ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်း၌ ဟော်မုဇ်ရေလက်ကြားပင်လယ်ရေကြောင်းသွားလာမှုများ လုံခြုံရေးအတွက် အာမခံချက်ပေးရန်လည်း တောင်းဆိုထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ရက်သတ္တနှစ်ပတ်ကြာ အပစ်ရပ်သဘောတူညီချက် အမေရိကန်နှင့် အီရန်နိုင်ငံတို့ရယူနိုင်ခဲ့

**ဝါရှင်တန် ဧပြီ ၈**

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အမေရိကန်နှင့် အီရန်နိုင်ငံတို့က ဧပြီ ၇ ရက်တွင် ရယူခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြားကို ပြန်ဖွင့်ပေးရေးအတွက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အီရန်ကို ပေးထားသည့် နောက်ဆုံးအချိန်ကာလ သတ်မှတ်ချက်မပြည့်မီ တစ်နာရီခန့်အလိုတွင် ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အမေရိကန်နှင့် အီရန်နိုင်ငံတို့က ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ပြန်ဖွင့်ပေးရန် အီရန်က သဘောတူခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ အီရန်နိုင်ငံက တန်ပြန်တိုက်ခိုက်မှုများကိုရပ်တန့်၍ ဟော်မုဇ်ရေလက်ကြားကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်ပေးထားမည်ဟု အီရန်နိုင်ငံခြားရေး ဝန်ကြီး အဘတ်စ်အာရက်ချီက ကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အမေရိကန်နှင့် အီရန်အစိုးရကိုယ်စားလှယ်များအနေဖြင့် ဧပြီ ၁၀ ရက်တွင် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ တွေ့ဆုံ၍ စစ်ရေးပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများကျဆင်းခဲ့ပြီး စတော့ရှယ်ယာဈေးကွက်များ၌ ရှယ်ယာဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့သည်။

ရက်သတ္တနှစ်ပတ်ကြာ အီရန်စစ်ရေးပဋိပက္ခ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် သမ္မတဒေါ်နယ်ထရမ့်နှင့် အမေရိကန်တပ်မတော်တို့က အမေရိကန်နိုင်ငံအတွက် ရယူပေးခဲ့သော အောင်ပွဲကြီး တစ်ခုဖြစ်သည်ဟု အိမ်ဖြူတော် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဘလစ်စတစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်



**ဆိုးလ် ဧပြီ ၈**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင်တာတိုပစ်ဘလစ်စတစ် ဒုံးကျည်များကို အရှေ့ဘက် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံက ပစ်လွှတ်ခဲ့သော အဆိုပါဒုံးကျည်များသည် ကီလိုမီတာ ၂၄၀(မိုင် ၁၅၀)ခန့်အကွာအဝေးထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယား တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ယနေ့ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် မြောက်ကိုရီးယားနိုင်ငံက နှစ်ရက်တာကာလအတွင်း ပြုလုပ်ခဲ့သော ဒုတိယမြောက် ဒုံးကျည်စမ်းသပ်မှုဖြစ်သည်။

ဧပြီ ၇ ရက်ကလည်း မြောက်ကိုရီးယားနိုင်ငံသည် ပြုံယမ်းမြို့အနီးမှတစ်ဆင့် ဒုံးကျည်တစ်စင်း စမ်းသပ် ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား တပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။


တောင်ကိုရီးယား နိုင်ငံသည် မြောက်ကိုရီးယားအတွက် ရန်သူနိုင်ငံအဖြစ် အမြဲတမ်းရှိနေမည်ဖြစ်ကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီးနောက် ဒုံးကျည်စမ်းသပ်မှုများကို မြောက်ကိုရီးယား တပ်မတော်က ဆက်တိုက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံက ယနေ့တွင် ဒုံးကျည်များစမ်းသပ်ပစ်လွှတ်ခဲ့ပြီးနောက် တောင်ကိုရီးယားအစိုးရက အမျိုးသားလုံခြုံရေးကောင်စီ အရေးပေါ်ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာကလွှတ်တင်ခဲ့သည့် အိုရီယွန်အာကာသယာဉ်က လ၏ဒြပ်ဆွဲအားနယ်ပယ်အတွင်းသို့ ဝင်ရောက်နိုင်ခဲ့



**ဝါရှင်တန် ဧပြီ ၈**

အားတီးမစ်-၂ မစ်ရှင်အရ အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ခဲ့သည့် အိုရီယွန် အာကာသယာဉ်သည် လ၏ ဒြပ်ဆွဲအား နယ်ပယ်အတွင်းသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း ဧပြီ ၇ ရက်သတင်းများအရ သိရသည်။

လ၏ ဒြပ်ဆွဲအားနယ်ပယ်သည် ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားထက် ပိုကြီးမားသော နယ်ပယ်ဖြစ်ကြောင်း၊ အဆိုပါနယ်မြေသည် လကမ္ဘာနှင့် မိုင်ပေါင်း ၃၉၀၀၀ ကွာဝေးပြီး ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၂၃၂၀၀၀ ကွာဝေးသည့် နေရာတွင် တည်ရှိသည်။

အိုရီယွန် အာကာသယာဉ်သည် လကမ္ဘာအခြားဘက်ခြမ်းသို့ အနီးကပ် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ပြီး အဆိုပါ အိုရီယွန်အာကာသယာဉ်သည် နာဆာအာကာသယာဉ်မှူးသုံးဦးနှင့် ကနေဒီအာကာသယာဉ်မှူးတစ်ဦးတို့ကို ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၂၅၂၇၅၇ အကွာသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူးများ ရောက်ရှိခဲ့သည့် အဆိုပါ အကွာအဝေးမှာ ၁၉၇၀ ပြည့်နှစ် ဧပြီတွင် အပိုလို အာကာသယာဉ်မှူးများ ရောက်ရှိခဲ့သည့်အကွာအဝေးထက် ပိုများမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO


## နဂါးငွေ့တန်းကြယ်စု၏ အနားစွန်းများ၌တည်ရှိနေသော ကြယ်မျှင်တန်းအများအပြားကို သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဧပြီ ၈**

နဂါးငွေ့တန်းကြယ်စု၏ အနားစွန်းများ၌ တည်ရှိနေသော ကြယ်မျှင်တန်း အများအပြားကို အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားကြောင်း ဧပြီ ၇ ရက်သတင်းများအရ သိရသည်။

အဆိုပါ ကြယ်မျှင်တန်းများကို ဥရောပ အာကာသအေဂျင်စီက လွှတ်တင်ထားသော ဂိုင်ယာဂြိုဟ်တု၏အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဂိုင်ယာဂြိုဟ်တု၏ အကူအညီဖြင့် အမေရိကန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သော ကြယ်မျှင်တန်းအရေအတွက်မှာ ၈၇ ခု ထိ ရှိကြောင်း သိရသည်။



အမေရိကန်သိပ္ပံပညာရှင်များ ထပ်မံ ရှာဖွေတွေ့ရှိခဲ့သည့် ကြယ်မျှင်တန်းများကြောင့် နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားသည့် ကြယ်မျှင်တန်းအရေအတွက်မှာ ၁၀၀ ကျော်ရှိလာခဲ့ပြီဖြစ်သည်။

သိပ်သည်းကျစ်လျစ်သည့် ကြယ်အစုအဝေးကြီးများသည် နဂါးငွေ့တန်းကြယ်စုကို ဖြတ်သန်းချိန်တွင် နဂါးငွေ့တန်းကြယ်စု၏ ပြင်းထန်သော ဒြပ်ဆွဲအားအမျှင်တန်းကြီးများသဖွယ် ပြောင်းလဲသွားတတ်သည်။

ဥရောပ အာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တုသည် နဂါးငွေ့တန်းကြယ်စုအတွင်းရှိ ကြယ်များ၏ တည်နေရာနှင့် ရွေ့လျားမှုတို့ကို စောင့်ကြည့်နေသော ဂြိုဟ်တုဖြစ်ကြောင်းသိရသည်။

Ref : Russia Today
Trs : KKO

## ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၁၂ ဘီလီယံအကွာ၌တည်ရှိသော အာကာသတွင်းနက်တစ်ခုအနီးတွင် ရေခိုးရေငွေ့များစုဝေးတည်ရှိနေ

**ဝါရှင်တန် ဧပြီ ၈**

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၂ ဘီလီယံအကွာ၌ တည်ရှိသော အာကာသ တွင်းနက်တစ်ခုအနီးတွင် ရေခိုးရေငွေ့များ စုဝေးတည်ရှိနေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဧပြီ ၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါနယ်မြေ၌ တည်ရှိနေသော ရေငွေ့ပမာဏသည် ကမ္ဘာဂြိုဟ်ပေါ်ရှိ သမုဒ္ဒရာအားလုံး ပိုင်ဆိုင်ထားသည့် ရေငွေ့ပမာဏထက် အဆပေါင်း ထရီလီယံ ၁၄၀ ပိုများသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

အဆိုပါရေငွေ့သိုက် တည်ရှိနေသော APM 08274 + 5285 အာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်း ဘီလီယံ ၂၀ ပိုများသော မဟာအာကာသတွင်းနက် တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသတွင်းနက် အနီးရှိနေသော ရေခိုးရေငွေ့သိုက်မှာ စကြဝဠာ၏ အကြီးမားဆုံး ရေခိုးရေငွေ့သိုက်ဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ရေခိုးရေငွေ့သိုက် ကြီးသည် အလင်းနှစ် ရာပေါင်းများစွာထိ ဖြန့်ကြက်တည်ရှိနေသည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အဆိုပါရေခိုးရေငွေ့သိုက်ကို ဟာဝိုင်ရီကျွန်းအခြေစိုက် ရေဒီယိုတယ်လီစကုပ်များ၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## နှာခေါင်းနှိုက်သည့်အလေ့အကျင့်နှင့် Dementia ရောဂါဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိနိုင်

**ကင်ဘာရာ ဧပြီ ၈**

နှာခေါင်းနှိုက်သည့် အလေ့အကျင့်နှင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ခြေတို့ကြား ဆက်စပ်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဧပြီ ၇ ရက် သတင်းများအရ သိရသည်။

နှာခေါင်းနှိုက်သည့်အလေ့အကျင့်ကြောင့် နှာခေါင်းအတွင်းပိုင်း တစ်ရှူးများ ပျက်စီးသွားနိုင်ပြီး ဘက်တီးရီးယားများ ဦးနှောက်ထဲသို့ ရောက်ရှိသွားနိုင်ကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ နှာခေါင်းအတွင်းပိုင်း တစ်ရှူးများပျက်စီးချိန်တွင် Chlaydia Pneumoni-ae ခေါ် ဘက်တီးရီးယားတစ်မျိုးမှာ နှာခေါင်းမှတစ်ဆင့် ဦးနှောက်ထဲသို့ ရောက်ရှိသွားနိုင်ကြောင်း သိရသည်။

ကြွက်များ၏ ဦးနှောက်အတွင်းသို့ Chlaydia Pneu-moniae ခေါ် ဘက်တီးရီးယား ရောက်ရှိသွားချိန်တွင် အမိုင်လွိုက်ဘီတာခေါ် ပရိုတင်းများစုစည်းမြင့်မားလာကြောင်း သိရသည်။

အမိုင်လွိုက်ဘီတာပရိုတင်းများ စုစည်းမှုအဆင့် ပုံမှန်ထက်မြင့်မားမှုကို အယ်ဇိုင်းမားရောဂါလူနာများ၏ဦးနှောက်၌ တွေ့ရှိရတက်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အစာခြေလမ်းကြောင်းစနစ်အတွင်း ပရိုတင်းတစ်မျိုးက ဘက်တီးရီးယားကူးစက်မှုကို တိုက်ဖျက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍ၌ပါဝင်နေ

**နယူးယောက် ဧပြီ ၈**

အစာခြေလမ်းကြောင်းစနစ်အတွင်း ပရိုတင်းတစ်မျိုးသည် ဘက်တီးရီးယား ကူးစက်မှုကို တိုက်ဖျက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဧပြီ ၇ ရက်သတင်းများတွင် ဖော်ပြထားသည်။

Intelectin-2 အမည်ရှိ အဆိုပါပရိုတင်း အစာခြေလမ်းကြောင်းစနစ်အတွင်းတည်ရှိမှုကို ယခင်ကပင်သိခဲ့ကြသော်လည်း ယခင် ပရိုတင်း၏ အခန်းကဏ္ဍကို ဆေးပညာရှင်များက ရှင်းပြနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Intelectin-2 ပရိုတင်းသည် အူလမ်းကြောင်း တစ်ရှူးများကို အကာအကွယ် ပေးရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သိရသည်။

ထို့ပြင် Intelectin-2 ပရိုတင်းသည်ကူးစက်ဝင်ရောက်လာသော ဘက်တီးရီးယားများ ကြီးထွားမှုကို တားဆီးပေးသကဲ့သို့ ၎င်းဘက်တီးရီးယားများကို ဖျက်ဆီးရာတွင်လည်း အထောက်အကူပြုကြောင်း သိရသည်။

အဆိုပါ ဘက်တီးရီးယားများထဲတွင် ဘက်တီးရီးယားကူးစက်မှုကြောင့် သွေးအဆိပ်သင့်မှုရောဂါဖြစ်ပွားစေတက်သည့် Staphylo-coccusaureus နှင့် အဆုတ်ရောဂါကို ဖြစ်စေတက်သော Ketbh-siella Pneumoniae ဘက်တီးရီးယားများလည်း ပါဝင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မန္တလေးမြို့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လူငယ်များအတွက် အခမဲ့နွေရာသီအခြေခံဘောလုံးသင်တန်း(ပထမအသုတ်) ဆင်းပွဲအခမ်းအနား ကျင်းပ



**မန္တလေး မေ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ လူငယ်များအတွက် အခမဲ့ဖွင့်လှစ်ပေးသည့် “MFF Summer Football Skills Course 2026” (ပထမအသုတ်) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေး ဘောလုံးအကယ်ဒမီ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်အတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် မျိုးဆက်သစ် ဘောလုံးသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) မှ အခမဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် မန္တလေးမြို့မှ အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်းရှိ လူငယ်မောင်မယ် ဦးရေ ၄၀၀ ကို တစ်လကြာ အခမဲ့ စနစ်တကျလေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် သင်တန်းဆင်းပွဲတွင် တာဝန်ရှိသူများက သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြပြီးနောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

MFF အခမဲ့ နွေရာသီအခြေခံဘောလုံးသင်တန်း ဒုတိယအသုတ် သင်တန်းကိုလည်း လာမည့် မေ ၂၀ ရက်တွင် မန္တလေးဘောလုံး အကယ်ဒမီတွင် အခမဲ့ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းမှ မာသီးယက်ဖာနန်ဒက်ကိုခေါ်ယူရန် ဆွေးနွေးနေ

**လန်ဒန် မေ ၈**

လီဗာပူး အသင်းသည် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ကွင်းလယ်ကစားသမား မာသီးယက်ဖာနန်ဒက်ကို ခေါ်ယူနိုင်ရန် ကစားသမား၏ အေးဂျင့်ဖြစ်သူနှင့် စတင်ဆွေးနွေးနေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်း တာဝန်ရှိသူများက ကွင်းလယ်ပိုင်းမှ မက်အယ်လစ်စတာသည် ယခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာဖွယ် ရှိနေသည့်အတွက် ၎င်းနေရာတွင် အစားထိုးရန် ပရီးမီးယားလိဂ် အတွေ့အကြုံကောင်းများရှိသည့် ဝက်စ်ဟမ်းအသင်းမှ မာသီးယက်ဖာနန်ဒက်ကိုခေါ်ယူနိုင်ရန် တရားဝင်ဆွေးနွေးမှုစတင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လီဗာပူးအသင်းအနေဖြင့် မက်အယ်လစ်စတာကို ရောင်းချခဲ့ပါက ဝင်ငွေအမြောက်အမြား ရရှိမည်ဖြစ်သောကြောင့် မာသီးယက်ဖာနန်ဒက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၅ သန်းဖြင့် ကမ်းလှမ်းလာဖွယ်ရှိသည်။

အသက် ၂၂ နှစ်ရှိ မာသီးယက်ဖာနန်ဒက်သည် ယခုနှစ် ဘောလုံးရာသီအစက ဆောက်သမ်တန်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပထမဆုံးဘောလုံးရာသီတွင်ပင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၁ ပွဲ ပါဝင်ကစားထားရာ သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်ထားသူဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**





# ဘရာဇီးနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြ အန်ဆယ်လော့တီကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆို

**ရီယိုဒီဂျနေးရိုး မေ ၈**

ဘရာဇီးနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဘရာဇီးအသင်းနည်းပြ အန်ဆယ်လော့တီကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အသက် ၆၆ နှစ်ရှိ နည်းပြ အန်ဆယ်လော့တီသည် ၂၀၂၅ ခုနှစ် မေလက ရီးရဲလ်မက်ဒရစ် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ဘရာဇီးအသင်း နည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး အစောပိုင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲထိသာ စာချုပ် ချုပ်ဆိုထားသော်လည်း ယခုအခါ ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ၂၀၃၀ ပြည့်နှစ်ထိ နည်းပြ အန်ဆယ်လော့တီကို တာဝန်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် နည်းပြအန်ဆယ်လော့တီသည် ဘရာဇီးအသင်းကို ပြိုင်ပွဲစုံ ၁၀ ပွဲတာဝန်ယူကိုင်တွယ်ပြီးချိန်တွင် ငါးပွဲအနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်ထားသည်။

ဘရာဇီးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(C) တွင် ဟေတီအသင်း၊ မော်ရိုကိုအသင်း၊ စကော့တလန်အသင်းတို့နှင့်အတူ ကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် ဇွန် ၁၄ ရက်တွင် မော်ရိုကိုအသင်း၊ ဇွန် ၂၀ ရက်တွင် ဟေတီအသင်း၊ ဇွန် ၂၅ ရက်တွင် စကော့တလန်အသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : ESPN**

**Trs : STA**

# ကမ္ဘာ့ချန်ပီယံခါးပတ်နှစ်ခုကို ရယူပြီးမှသာ ကစားသမားဘဝမှအနားယူမည်ဟု ဒီယွန်တေ ကြေညာ

**နယူးယောက် မေ ၈**

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း အမေရိကန် လက်ဝှေ့သမား ဒီယွန်တေသည် ကစားသမားဘဝမှ အနားယူရန် သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် အဆိုပါသတင်းများမှာ မှန်ကန်မှုမရှိဘဲ ၎င်းအနေဖြင့် ကမ္ဘာ့ချန်ပီယံခါးပတ်နှစ်ခု ရယူပြီးမှသာ ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီယွန်တေသည် ပြီးခဲ့သည့် မေ ၄ ရက်က ဗြိတိန်လက်ဝှေ့သမား ချီဆိုရာကို အနိုင်ရခဲ့ပြီးနောက် WBC ဘရစ်ဂ်ါဝိတ်တန်း ကမ္ဘာ့ချန်ပီယံ တောင်အာဖရိကလက်ဝှေ့သမား ကီဗင်လီရီနာနှင့် ထိုးသတ်သွားရန် ပစ်မှတ်ထားနေပြီး ကီဗင်လီရီနာက ဒီယွန်တေ၏ စိန်ခေါ်မှုကို လက်ခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကီဗင်လီရီနာက "ဒီယွန်တေက ကျွန်တော်နဲ့ ထိုးသတ်သွားချင်တယ်လို့သိရပါတယ်။ ကျွန်တော့်ဘက်ကတော့ သူ့ရဲ့စိန်ခေါ်မှုကို လက်ခံသွားဖို့ ၁၀၀ ရာခိုင်နှုန်း သေချာပါတယ်။ ကျွန်တော့်ဘက်က လက်ခံသွားဖို့အဆင်သင့်ပဲ။ ဒီယွန်တေဟာ အန္တရာယ်ရှိတဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်ပါ။ သူ့ဆန္ဒကိုလဲ ဖြည့်ဆည်းပေးချင်ပါတယ်။ အောင်မြင်မှု ဆာလောင်နေတဲ့ လက်ဝှေ့သမားနဲ့ ကျွန်တော်ထိပ်တိုက်တွေ့ချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fight Mag**

**Trs : AZL**

# ဝေးလ်လက်ရွေးစင်အသင်းနှင့် အာဆင်နယ်အသင်း ကစားသမားဟောင်း ရမ်ဆေး ကစားသမားဘဝမှအနားယူကြောင်း ထုတ်ပြန်ကြေညာ

**ကာဒစ် မေ ၈**

ဝေးလ်လက်ရွေးစင် အသင်းနှင့် အာဆင်နယ်အသင်းတို့တွင် ကစားခဲ့သည့် ကွင်းလယ်ကစားသမား ရမ်ဆေးသည် ကစားသမားဘဝမှအနားယူကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၅ နှစ်ရှိ ရမ်ဆေးသည် ကစားသမားဘဝကို ကာဒစ်အသင်းနှင့် ၂၀၀၆ ခုနှစ်က စတင်ခဲ့ပြီးနောက် အာဆင်နယ်အသင်း၊ ဂျူဗင်တပ်အသင်း၊ ရိန်းဂျားအသင်းတို့တွင် ပြောင်းရွှေ့ကစားခဲ့ရာ ကစားသမားဘဝ နှစ် ၂၀ ကျော်ကာလအတွင်း ကလပ်အသင်းနှင့် နိုင်ငံအသင်းတို့တွင် ပြိုင်ပွဲစုံ ၆၀၂ ပွဲ ပါဝင်ကစားခွင့်ရခဲ့ပြီး အဓိက ဆုဖလား ခြောက်လုံးထိဆွတ်ခူးခဲ့ကာ အာဆင်နယ်အသင်းတွင် အက်ဖ်အေဖလား သုံးကြိမ်ရယူ၍ ကစားသမားဘဝ အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။

ထို့နောက် ရမ်ဆေးသည် မက္ကဆီကိုလိဂ်ကလပ် ပူးမက်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက အသင်းနှင့် နှစ်ဖက်သဘောတူ လမ်းခွဲခဲ့ပြီး လေးလအကြာတွင် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



ရမ်ဆေးက "ကျွန်တော်ကစားသမားဘဝမှအနားယူဖို့ ဆုံးဖြတ်ချက်ချရတာ မလွယ်ခဲ့ပါဘူး။ အကြိမ်ကြိမ်စဉ်းစားပြီးမှ ဘောလုံးကစားသမားဘဝက အနားယူဖို့ ဆုံးဖြတ်ခဲ့တာပါ။ ပထမဆုံးအနေနဲ့ ကျွန်တော်ဝေးလ်အသင်း အကျႌကို ဝတ်ဆင်ခွင့်ရခဲ့ချိန်မှာ အသင်းနဲ့အတူ အနိမ့်အမြင့် အတက်အကျတွေ အားလုံးကို ရင်ဆိုင်ဖြတ်ကျော် ခဲ့ပါတယ်။ ဒါတွေကလဲ ကစားသမား တစ်ယောက်အောင်မြင်ဖို့ လိုအပ်တဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်လို့ ကျွန်တော်ခံယူခဲ့တာပါ။ ဒါ့ကြောင့် ဝေးလ်အသင်းနဲ့ လုံလောက်တဲ့ ကစားခွင့်ပေးခဲ့တဲ့ ကလပ်အသင်းတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့ အိပ်မက်ဖြစ်တဲ့ ထိပ်တန်းအဆင့် ကစားသမား တစ်ယောက်ဖြစ်အောင် ပံ့ပိုးပေးကြတဲ့ နည်းပြတွေ၊ အသင်းဖော်တွေကိုလဲ ကျေးဇူးတင်ပါတယ်’ ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက အလိုအလျောက်ပစ်ခတ်နိုင်သော စိန်ပြောင်းတပ်ဆင်ထားသည့် Kuryer တိုက်ပွဲဝင်စက်ရုပ်ကို စမ်းသပ်ထုတ်ဖော်



ရုရှားနိုင်ငံသည် Kuryer ဟုအမည်ပေးထားသည့် မောင်းသူမဲ့မြေပြင်တိုက်ခိုက်ရေးစနစ် (Unmanned Ground Combat System)တွင် Bagunlnik-82 အလိုအလျောက် ပစ်ခတ်နိုင်သည့် စိန်ပြောင်းကို တပ်ဆင်ကာ စမ်းသပ်မောင်းနှင်နေသည့် ဗီဒီယိုမှတ်တမ်းများကို လူသိရှင်ကြား ထုတ်ဖော်လိုက်သည်ဟု Defene Blog သတင်းဌာနက ဧပြီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှား၏ မြေပြင်စက်ရုပ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို တင်ဆက်ပေးနေသည့် NRTK ချန်နယ်မှ ထုတ်ပြန်သော ရုပ်သံမှတ်တမ်းများအရ အဆိုပါစနစ်တွင် လည်ပတ်နိုင်သော ပြောင်းအိမ် (Turret) တပ်ဆင်ထားပြီး ၎င်းအတွင်း၌ စိန်ပြောင်း၊ ပြောင်းတံနှင့် အလိုအလျောက် ကျည်ဖြည့်စနစ် (Automatic loading mechanism) တို့ကို ပေါင်းစပ်ထည့်သွင်းထားသည်။ စိန်ပြောင်းတစ်ချက် ပစ်ခတ်ပြီးတိုင်း စက်ရုပ်လက်တံတစ်ခုက ကျည်အသစ်တစ်တောင့်ကို ၅ စက္ကန့်အတွင်း အလိုအလျောက် ပြန်လည်ဖြည့်တင်းပေးနိုင်စွမ်းရှိသည်။ ဤကဲ့သို့ မြန်ဆန်သော ကျည်ဖြည့်စနစ်သည် စစ်မြေပြင်တွင် စစ်သည်များ၏ အသက်အန္တရာယ်ကို မစွန့်စားရဘဲ ရန်သူ၏တန်ပြန်အမြောက်တပ်ဖွဲ့များအန္တရာယ်မှ ကင်းဝေးစွာဖြင့် ပစ်အားကောင်းကောင်းဖြင့် စစ်ကစားနိုင်စေမည်ဖြစ်သည်။

Kuryer သည် ရုရှားတပ်မတော်၏ မောင်းသူမဲ့မြေပြင်တိုက်ခိုက်ရေးအုပ်စု (NRTK) စီမံကိန်းအောက်တွင် တီထွင်ထုတ်လုပ်ထားသည့် ချိန်းတပ်(Tracked) မောင်းသူမဲ့မြေပြင်သွား ယာဉ်အမျိုးအစားဖြစ်သည်။ ဤစနစ်၏ ထူးခြားချက်မှာ စိန်ပြောင်းကို ရှေ့တည့်တည့်သို့ ပုံသေတပ်ဆင်ထားခြင်းမျိုးမဟုတ်ဘဲ လည်ပတ်နိုင်သည့်ပြောင်းအိမ် (Rotating turret) ပေါ်တွင် တပ်ဆင်ထားခြင်းဖြစ်သည်။ ဤသို့ တပ်ဆင်ထားခြင်းကြောင့် ယာဉ်တစ်စီးလုံး၏ တည်နေရာကို ပြောင်းလဲရန်မလိုဘဲ မည်သည့် အရပ်မှပစ်မှတ်ကိုမဆို ကျယ်ပြန့်သော ဧရိယာအတွင်း လှည့်လည်ပစ်ခတ်နိုင်သဖြင့် ခံစစ်ရော တိုက်စစ်အတွက်ပါ အားသာချက်ရှိသည်။

Kuryer စက်ရုပ်စိန်ပြောင်းစနစ်သည် စစ်မြေပြင်တွင် လူသားစစ်သည်များ၏ အသက်အန္တရာယ်ကို တိုက်ရိုက်ကာကွယ်ပေးနိုင်သည့် အားသာချက်များစွာရှိသည်။ ပစ်ခတ်မှုပြုလုပ်မည့်နေရာတွင် စစ်သည်များ ရှိနေရန်မလိုဘဲ စက်ရုပ်စနစ်ကသာ ပစ်ခတ်ခြင်း၊ နေရာရွှေ့ပြောင်းခြင်းနှင့် ပြန်လည်ပစ်ခတ်ခြင်းတို့ကို အလိုအလျောက် လုပ်ဆောင်နိုင်သောကြောင့် အန္တရာယ်ကင်းစင်မှုကို အပြည့်အဝပေးစွမ်းနိုင်သည်။ ထို့ပြင် လူသားစစ်သည်များအတွက် အလွန်အန္တရာယ်များလွန်းသည့် သို့မဟုတ် ရန်သူ့မြင်ကွင်းတွင် ပေါ်လွင်နေသည့်နေရာများတွင်ပင် ဤစက်ရုပ်စနစ်ကို အသုံးပြု၍ ထိရောက်သော ပစ်ကူများပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခု Kuryer တိုက်ပွဲတွင် စက်ရုပ်စနစ်သည် ခေတ်သစ်စစ်ပွဲများအတွက် မရှိမဖြစ်လိုအပ်သော အဆင့်မြင့်လက်နက်တစ်ခုဖြစ်ကြောင်း သိရသည်။

**Russia tests robotic mortar system ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံအခြေစိုက် Honeywell နှင့် Odys Aviation ကုမ္ပဏီတို့ပူးပေါင်း၍ ဒရုန်းတန်ပြန်တိုက်ခိုက်ရေးစနစ်ကိုတီထွင်

အမေရိကန်နိုင်ငံအခြေစိုက် ကမ္ဘာကျော်နည်းပညာကုမ္ပဏီ Honeywell သည် Odys Aviation နှင့် ပူးပေါင်း၍ အရေးကြီး အခြေခံအဆောက်အအုံများနှင့် မဟာဗျူဟာမြောက်ပိုင်ဆိုင်မှုများကို ကာကွယ်ရန်အတွက် ဝေဟင်အခြေပြု ဒရုန်းတန်ပြန်တိုက်ခိုက်ရေးစနစ် (Airborne Counter-drone System) တစ်ခုကို တီထွင်လိုက်ပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဧပြီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစနစ်သည် မြေပြင်အခြေစိုက်နှင့် ရွေ့လျားစနစ်များ၏ ကာကွယ်နိုင်စွမ်းထက်ကျော်လွန်၍ ပိုမိုကျယ်ပြန့်သော ကာကွယ်ရေးနယ်ပယ်ကို ဖန်တီးပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

အဆိုပါ စနစ်အသစ်သည် Honeywell Aerospace ၏ SAMURAI (Stationary and Mobile UAS Reveal and Intercept) ဟုခေါ်သော ဒရုန်းထောက်လှမ်းဟန့်တားရေးစနစ်နှင့် Odys Aviation ၏ Laila ဟုခေါ်သော လျှပ်စစ်နှင့်စက်သုံးဆီစပ်သုံး (Hybrid-electric) ဒေါင်လိုက်ပျံတက်ဆင်းနိုင်သည့် (VTOL) လေယာဉ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Honeywell မှ ထုတ်လုပ်သည့် SAMURAI စနစ်သည် ဒရုန်းများကို ထောက်လှမ်းခြင်း၊ ခွဲခြားသတ်မှတ်ခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်ဖယ်ရှားခြင်းတို့အတွက် ပုံစံတူအစိတ်ပိုင်းများဖြင့် အလွယ်တကူဖွဲ့စည်းထားသော ဒရုန်းတန်ပြန်တိုက်ခိုက်ရေး စနစ်တစ်ခုဖြစ်သည်။ SAMURAI စနစ်သည် ဒရုန်းများကို ထိရောက်စွာ တန်ပြန်တိုက်ခိုက်နိုင်ရန်အတွက် ခေတ်မီနည်းပညာရပ်များစွာကို ပေါင်းစပ်အသုံးပြုထားသည်။

၎င်းတွင် ရေဒီယိုလှိုင်းနှုန်း ထောက်လှမ်းမှု (Radio-frequency detection) နှင့် လျှပ်စစ်နှင့် အလင်းဆိုင်ရာ အာရုံခံနည်းပညာတို့ကို အဆင့်မြင့်စွာ ပေါင်းစပ်ထားသဖြင့် ရန်သူ့ဒရုန်းများကို တိကျစွာရှာဖွေဖော်ထုတ်နိုင်သည်။ ဆက်သွယ်ရေးကဏ္ဍတွင်လည်း မျက်မြင်အကွာအဝေးထက်ကျော်လွန်သော ဆက်သွယ်ရေးစနစ်ကို အသုံးပြုထားသောကြောင့် အော်ပရေတာများအနေဖြင့် ဝေးကွာသောနေရာမှနေ၍ စနစ်တကျ ကွပ်ကဲထိန်းချုပ်မှု (C2) လုပ်ငန်းစဉ်များကို စိတ်ချစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် ရန်သူ့ဒရုန်းများကို နှိမ်နင်းရာတွင်လည်း အီလက်ထရွန်နစ်နည်းလမ်းဖြင့် ဖိဖျက်နှောင့်ယှက်ခြင်း သို့မဟုတ် တိုက်ရိုက်ပစ်ခတ်ဖျက်ဆီးခြင်းတို့ကို ရွေးချယ်အသုံးပြုနိုင်သည့်အပြင် အုပ်စုလိုက်လာသော ရန်သူ၏ဒရုန်းခြိမ်းခြောက်မှုကို တန်ပြန်တိုက်ခိုက်ရန်အတွက် ကြားဖြတ်တိုက်ခိုက်မည့် ဒရုန်းများကိုပါ ထည့်သွင်း အသုံးပြုနိုင်သောကြောင့် ဘက်စုံ စွမ်းဆောင်ရည်မြင့်မားသည့် စနစ်တစ်ခုဖြစ်သည်။





မူလက ယာဉ်ပေါ်တွင် တပ်ဆင်ရန်နှင့် အခြေစိုက်စခန်းများအတွက်သာ ဒီဇိုင်းထုတ်ခဲ့သည့် SAMURAI စနစ်သည် Laila VTOL လေယာဉ်နှင့် ပေါင်းစပ်လိုက်ခြင်းကြောင့် စစ်ဆင်ရေးနယ်ပယ်ကို အဆမတန် ကျယ်ပြန့်သွားစေခဲ့သည်။

ဤပေါင်းစပ်မှုကြောင့် ဝေးလံခေါင်သီသော ဒေသများထိ ဝေဟင်မှနေ၍ ကျယ်ပြန့်စွာ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ Laila လေယာဉ်သည် ၎င်း၏ လျှပ်စစ်နှင့် စက်သုံးဆီစပ်သုံး (Hybrid) စနစ်ကြောင့် တစ်ကြိမ်လျှင် ၈ နာရီထိ လေထဲတွင်ကြာရှည်စွာ ကင်းလှည့်နိုင်ပြီး မိုင်ပေါင်း ၄၅၀ (၇၂၄ ကီလိုမီတာ) အကွာအဝေးထိ ပျံသန်းနိုင်သည့်အားသာချက်ရှိသည်။ လောင်စာဆီအသုံးပြုမှုတွင်လည်း Jet A, Jet A-1 နှင့် JP-8 ကဲ့သို့သော လေယာဉ်ဆီအမျိုးအစားများကို စုံလင်စွာ အသုံးပြုနိုင်သဖြင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် များစွာအဆင်ပြေစေသည်။ ထို့ပြင် အားသွင်းရန်အတွက် သီးသန့် အခြေခံအဆောက်အအုံများ မလိုအပ်သောကြောင့် လေယာဉ်ကွင်းမရှိသော ဝေးလံခေါင်သီသည့် ဒေသများ၊ ရှေ့တန်းစစ်မျက်နှာများနှင့် ပင်လယ်ပြင်စခန်းများတွင်ပါ အချိန်မရွေး၊ နေရာမရွေး လျင်မြန်စွာ တပ်ဖြန့်အသုံးပြုနိုင်သော စွမ်းဆောင်ရည်မြင့်မားသည့် ဝေဟင်အခြေပြုစနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

**Honeywell, Odys Aviation Develop Airborne Counter-Drone Capability ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှု

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

ဧပြီ ၃ ရက်မှ အဆက်

**တရုတ်နှင့် အမေရိကန်နိုင်ငံ အဓိကပြိုင်ဆိုင်မှု**

အမေရိကန်နိုင်ငံသည် ဉာဏ်ရည်တု၏ အရေးကြီးသည့်နယ်ပယ်များဖြစ်သော နယ်နိမိတ်ပုံစံ ဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံသုတေသနနှင့် အဆင့်မြင့် ချစ်ပ်ဒီဇိုင်းတို့ကို ကြာမြင့်စွာ လွှမ်းမိုးထားခဲ့သည်။ ၎င်းတို့၏ နည်းပညာကုမ္ပဏီကြီးများ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ AI ဆန်းသစ်တီထွင်မှု၏ အဓိက ဗဟိုချက်အဖြစ် ဆက်လက်တည်ရှိနေကာ လုပ်ငန်းတစ်ခုလုံးကို ပုံဖော်ပေးနိုင်သည့် စံနှုန်းများကိုချမှတ်ပေးထားသည်။

သို့သော်တရုတ်နိုင်ငံသည် အဆိုပါကွာဟချက်ကို အောက်ပါတို့မှတစ်ဆင့် ပိတ်သိမ်းနေသည်-

- ကြီးမားသော AI မော်ဒယ်များကို လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေခြင်း
- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြီးမားသော လက်ခံအသုံးပြုမှု
- အရှိန်မြှင့်စီးပွားဖြစ်ထုတ်လုပ်မှု
- ပြည်တွင်းချစ်ပ်ထုတ်လုပ်မှု ကြိုးပမ်းအားထုတ်မှုများကို တိုးချဲ့ခြင်း

ထိုပြိုင်ဆိုင်မှုသည် ၂၁ ရာစု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နည်းပညာပြိုင်ပွဲများထဲမှ တစ်ခုဖြစ်လာခဲ့သည်။

**တရုတ်နှင့် အရှေ့အာရှဆန်းသစ်တီထွင်သူများ ဂျပန်နှင့် တောင်ကိုရီးယား**

ဂျပန်နိုင်ငံသည် စက်ရုပ်ပိုင်းဆိုင်ရာထုတ်လုပ်မှု အပိုင်းတွင်ထူးချွန်ပြီး တောင်ကိုရီးယားသည် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်မှုနှင့် မြင့်မားသောစွမ်းဆောင်ရည်ရှိသည့် ဟာ့ဒ်ဝဲတီထွင်မှုတို့တွင် ဦးဆောင်နေသည်။

တရုတ်နိုင်ငံ၏ မဟာဗျူဟာမှာ ကွဲပြားသည်။ ဟာ့ဒ်ဝဲတီထွင်မှု၏ သာလွန်မှုတစ်ခုတည်းကိုမှီခိုမည့်အစား ကျွမ်းကျင်မှု၊ မြန်နှုန်းနှင့် အက်ပလီကေးရှင်းကိုအခြေခံသည့် ဖြန့်ကြက်မှုတို့ကို အာရုံစိုက်သည်။ ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ အုပ်ချုပ်မှုများတွင် AI နည်းပညာကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် တရုတ်နိုင်ငံအနေဖြင့် လက်တွေ့ကမ္ဘာ့နိုင်ငံများတွင် လက်ခံကျင့်သုံးမှု၌ ပြိုင်ဘက်များထက်ပို၍ ၎င်းတို့၏ ဈေးကွက်အရွယ်အစားကို အသုံးချသည်။

တရုတ်နိုင်ငံ၏ AI ဦးဆောင်မှုကို အားကောင်းစေသောအားသာချက်များ ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှု ပြင်းထန်နေသော်လည်း တရုတ်နိုင်ငံသည် AI စနစ်တွင် ၎င်း၏ရပ်တည်ချက်ကို အားကောင်းစေသည့် ထူးခြားသော အားသာချက်များစွာရှိသည်။

**ယှဉ်နိုင်စရာမရှိသော ဒေတာအရင်းအမြစ်များ**

ကမ္ဘာ့အကြီးဆုံး လူဦးရေအများဆုံးစာရင်းဝင် တရုတ်နိုင်ငံသည် AI နည်းပညာနှင့်ပတ်သတ်သော လေ့ကျင့်ရေးဒေတာအမြောက်အမြားကို ထုတ်လုပ်ပေးသည်။ ၎င်းတို့သည် AI စနစ်များ၏ တိကျမှု၊ စိတ်ကြိုက်ပြင်ဆင်မှုနှင့် အလိုအလျောက်လုပ်ဆောင်မှုများကို အတိုင်းအတာတစ်ခုထိ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရာတွင် အားသာချက်ကို ပေးစွမ်းသည်။

**စက်မှုလုပ်ငန်းစွမ်းရည် တိုးချဲ့ခြင်း**

တရုတ်နိုင်ငံ၏ ကြီးမားသောထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်စွမ်းရည်များသည် ကုန်ကျစရိတ်များကို လျှော့ချပေးပြီး AI ဟာ့ဒ်ဝဲ၊ စက်ပစ္စည်းများနှင့်ပေါင်းစပ်စနစ်များကိုကြီးမားသောထုတ်လုပ်မှုကို ခွင့်ပြုပေးနိုင်သည်။ ပြည်တွင်းတစ်ပိုင်းလျှပ်ကူးပစ္စည်းစွမ်းရည်များ တိုးတက်လာသည်နှင့်အမျှ ထိုအားသာချက်သည် ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ရသည်။

❖ တရုတ်နိုင်ငံ၏ AI နည်းပညာ လျင်မြန်စွာတိုးတက်လာမှုသည် ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှုကို ပြန်လည်ပုံဖော်နေပြီး နိုင်ငံတကာနည်းပညာစံနှုန်းများကို လွှမ်းမိုးနေကာ စီးပွားရေးစွမ်းအားအများစုကို ပြန်လည်သတ်မှတ်နေသည်။ ၎င်း၏ ထူးခြားလှသော အားသာချက်များမှာ ၎င်းသည် ဉာဏ်ရည်တု၏အနာဂတ်တွင် အဓိကအင်အားစုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာနည်းပညာ၏ နောက်ခေတ်ကိုပုံဖော်ပေးမည့် အဓိကပြိုင်ဘက်တစ်ဦး ဖြစ်လာစေရန်သေချာစေသည်။ ❖

**ခိုင်မာသော အမျိုးသားမဟာဗျူဟာနှင့် မူဝါဒပံ့ပိုးမှု**

အစိုးရစီမံကိန်းရေးဆွဲခြင်းသည် တရုတ်နိုင်ငံ၏ AI နည်းပညာအောင်မြင်မှုတွင် အဓိကအရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေသည်။ အမျိုးသား AI ပုံစံများ၊ မဟာဗျူဟာမြောက်ရန်ပုံငွေနှင့် မြို့အဆင့်စမ်းသပ် အစီအစဉ်များသည် နည်းပညာအသစ်များကို လျင်မြန်စွာ စတင်အသုံးပြုနိုင်စေသည်။ ထိုပေါင်းစည်းထားသောဦးတည်ချက်သည် တိုးတက်မှုကို အရှိန်မြှင့်တင်ပေးပြီး ဆန်းသစ်တီထွင်မှုများအတွက် အတားအဆီးများကို လျှော့ချပေးနိုင်သည်။

**အမြန်ဆုံး စီးပွားဖြစ်ဖြန့်ကြက်မှု**

တရုတ်နိုင်ငံ၏ AI စနစ်သည် ပုံစံငယ်များကို အစုလိုက်အပြုံလိုက် ဈေးကွက်ထုတ်ကုန်များအဖြစ် လျင်မြန်စွာပြောင်းလဲရာတွင် ထူးချွန်သည်။ စမတ်မြို့များမှသည် အလိုအလျောက် ပို့ဆောင်ရေးစနစ်များထိ AI ကို နိုင်ငံအများစုနှင့် မယှဉ်နိုင်သော အဆင့်မြင့်နေ့စဉ်ဘဝတွင် ထည့်သွင်းထားသည်။ တရုတ်ကုမ္ပဏီများသည် နိုင်ငံ၏ ကြီးမားသော ဈေးကွက်ကြောင့် AI ဖြေရှင်းချက်များကို အလွန်မြန်ဆန်စွာ ဖြန့်ကြက်စမ်းသပ်ရန် မျှော်လင့်ရသည်။

**AI သုတေသနထုတ်လုပ်မှုနှင့် ပင်ကိုယ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု မြင့်တက်လာခြင်း**

တရုတ်နိုင်ငံသည် AI သုတေသနစာစောင်များနှင့် မူပိုင်ခွင့်များအတွက် ကမ္ဘာ့အကြီးဆုံး ပံ့ပိုးကူညီသူများထဲမှ တစ်ခုဖြစ်လာခဲ့သည်။ တက္ကသိုလ်များနှင့် နည်းပညာကုမ္ပဏီများသည် ပင်ကိုယ်စွမ်းရည် လမ်းကြောင်းများကို အလျင်အမြန်တီထွင်နေကြပြီး အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများ တည်ငြိမ်စွာ စီးဆင်းလာစေရန် သေချာစေသည်။

တရုတ်နိုင်ငံ၏ AI ဦးဆောင်မှုအတွက် ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုသည် ပိုမိုပြင်းထန်လာပြီး အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့သည် ထိပ်တန်းသုတေသန၊ စက်ရုပ်ပိုင်းဆိုင်ရာများနှင့် ဟာ့ဒ်ဝဲတီထွင်မှုတို့တွင် ခိုင်မာသောရပ်တည်ချက်များကို ထိန်းသိမ်းထားကြသည်။ သို့သော် တရုတ်နိုင်ငံ၏ ကျွမ်းကျင်မှု၊ မူဝါဒဦးတည်ချက်၊ ရင်းနှီးမြှုပ်နှံမှုနှင့် အချက်အလက်အခြေပြုတိုးတက်မှုတို့ ပေါင်းစပ်မှုသည် ယှဉ်နိုင်စရာမရှိသော အရှိန်အဟုန်ကို ပေးစွမ်းသည်။

AI တွင် တရုတ်နိုင်ငံ၏ လျင်မြန်စွာတိုးတက်လာမှုသည် ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှုကို ပြန်လည်ပုံဖော်နေပြီး နိုင်ငံတကာနည်းပညာစံနှုန်းများကိုလွှမ်းမိုးနေကာ စီးပွားရေးစွမ်းအားအများစုကို ပြန်လည်သတ်မှတ်နေသည်။ ၎င်း၏ထူးခြားလှသော အားသာချက်များမှာ ၎င်းသည် ဉာဏ်ရည်တု၏ အနာဂတ်တွင် အဓိကအင်အားစုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ နည်းပညာ၏ နောက်ခေတ်ကိုပုံဖော်ပေးမည့် အဓိကပြိုင်ဘက်တစ်ဦးဖြစ်လာစေရန် သေချာစေသည်။

ဉာဏ်ရည်တုနည်းပညာသည် ကမ္ဘာ့စီးပွားရေးအင်အားနှင့် နည်းပညာဆန်းသစ်တီထွင်မှု၏ အဓိကကျောရိုးဖြစ်လာနေသည်။ ကမ္ဘာကြီးသည် အလိုအလျောက်စနစ်၊ အချက်အလက်အခြေပြုစနစ်များနှင့် ဉာဏ်ရည်ထက်မြက်သော အခြေခံအဆောက်အအုံများဆီသို့ အရှိန်အဟုန်ဖြင့် ရွေ့လျားလာသည်နှင့်အမျှ ဦးဆောင် AI နိုင်ငံများကြား ယှဉ်ပြိုင်မှုမှာ ပိုမိုပြင်းထန်လာခဲ့သည်။ အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားကဲ့သို့သောနိုင်ငံများသည် အဆင့်မြင့်သုတေသန၊ စက်ရုပ်ပိုင်းဆိုင်ရာများနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းစွမ်းရည်များတွင် ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။ သို့သော် မည်သည့်နိုင်ငံမျှ တရုတ်နိုင်ငံကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ AI နည်းပညာကို လျင်မြန်စွာ ပြန်လည်ပုံဖော်နိုင်ခြင်းမရှိပေ။

တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ (AI) အံ့မခန်းတိုးတက်မှုသည် နည်းပညာတိုးတက်မှု အခန်းကဏ္ဍ၌သာမက ကမ္ဘာလုံးဆိုင်ရာအင်အားတွင် မဟာဗျူဟာမြောက်ပြောင်းလဲမှုကိုလည်း ကိုယ်စားပြုသည်။ အမျိုးသားစီမံကိန်းရေးဆွဲခြင်း၊ ကြီးမားသောရင်းနှီးမြှုပ်နှံမှုနှင့် ယှဉ်နိုင်စရာမရှိသော အချက်အလက်အရင်းအမြစ်များဖြင့် ကျောထောက်နောက်ခံပြုထားသောကြောင့် တရုတ်နိုင်ငံသည် ကမ္ဘာ့ AI ပြိုင်ပွဲတွင် အခိုင်မာဆုံးပြိုင်ဘက်များထဲမှ တစ်ဦးအဖြစ်သတ်မှတ်ခံထားရသည်။

**ကိုးကား**


- iiMedia Research (2024–2025). China AI Industry Growth Report.
- Reuters (2026). China's tech firms accelerate major investments in AI development.
- Reuters (2026). China's major technology firms accelerate large-scale investments to strengthen national AI development.


# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧက ၄၈၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မင်းကင်း ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧက ၄၈၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၁၄၇ ဧကနှင့် ဖူးစားပြောင်း ၆၂၆၃ ဧက စုစုပေါင်း ဧက ၇၄၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ဧက ၄၈၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၇၄၁၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၄၈၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။


ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)


# The President-elect of the Republic of the Union of Myanmar presents commemorative gifts to the dutiful Union Minister and senior military officers and senior officers who diligently served rehabilitation efforts in natural disasters including Cyclone Mocha




**Senior General Min Aung Hlaing addresses the ceremony to present commemorative gifts to the dutiful Union Minister and senior military officers and senior officers who diligently served rehabilitation efforts in natural disasters including Cyclone Mocha.**



**Senior General Min Aung Hlaing presents a commemorative gift.**



**Senior General Min Aung Hlaing presents a commemorative gift.**



**Senior General Min Aung Hlaing presents a commemorative gift.**

**Nay Pyi Taw April 8**

President-elect and State Security and Peace Commission Chairman Senior General Min Aung Hlaing delivered a speech at the ceremony to present commemorative gifts to dutiful Union Minister and senior military officers and the senior officers who diligently served the rehabilitation efforts in the natural disasters including Cyclone Mochaat the Banquet Hall of the Office of the National Defence and Security Council and presented gifts this afternoon.

Also present at the ceremony were SSPC Vice Chairman Vice-Senior General Soe Win, Commission member Prime Minister U Nyo Saw, Commission member U Aung Lin Dway, Commission Secretary Commander-in-Chief of Defence Services General Ye Win Oo, commission members, Union-level dignitaries and Union ministers, senior military officers from the Office of the Commander-in-Chief, retired senior military officers, the commander of Nay Pyi Taw Command and officials.

Speaking on the occasion, the Senior General said that the Tatmadaw under his leadership declared a state of emergency due to alleged irregularities in the 2020 election, and, in accordance with the Constitution, assumed state responsibilities entrusted by the State. From 1 February 2021 up to the present, it has been carrying out national duties. Since taking on these responsibilities, everybody knows that many difficulties and challenges have been encountered, which, together with members of the commission, government officials, and Tatmadaw members, have been overcome with the support of the public.

At the time of assuming responsibility, the COVID-19 pandemic was at its peak. He said that, through the joint efforts of Tatmadaw members and healthcare workers in prevention and treatment measures, the country was able to overcome the pandemic with relatively limited losses. The Senior General added that he would like to place on record his recognition of those from the Tatmadaw who organized the efforts and all those who participated.

Similarly, in Rakhine State, a powerful Cyclone Mocha struck on 14 May 2023, causing numerous fatalities. Many government offices, residential buildings, schools, hospitals, and religious structures were also extensively damaged. *See Page 12*



**Senior General Min Aung Hlaing presents a commemorative gift.**



**Senior General Min Aung Hlaing presents a commemorative gift.**

# Associations and organizations release special congratulatory messages on election of Senior General Min Aung Hlaing as President

**Nay Pyi Taw April 8**

Senior General Min Aung Hlaing, selected as Vice-President by the group of elected Pyithu Hluttaw representatives, was elected as President by the Presidential Electoral College comprising all Pyidaungsu Hluttaw representatives at the presidential election on 3 April 2026. As such, the Myanmar-Muslim Business Entrepreneurs Association (MMBEA), Zafar Shah Tomb Supervisory Committee of Yangon Region, Myanmar Edible Oil Millers Association, Myanmar Digital Economy Association (MDEA), Myanmar Construction Entrepreneurs Federation (MCEF), Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association, Myanmar-China Cooperation and Communication Association (MCCCA) sent special congratulatory messages on the election of the Senior General as President.

Their messages stated that they extend their heartfelt congratulations on the election of Senior General Min Aung Hlaing as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw. May the President serve the development of benefits for the people of Myanmar with physical and mental well-being. Under the leadership of the President, may the Republic of the Union of Myanmar enjoy peace, stability, and further growth and further development.

100

**Sincere Congratulations**

We would like to express our great pride and heartfelt congratulations on Senior General Min Aung Hlaing being elected by the Pyidaungsu Hluttaw as the President of the Republic of the Union of Myanmar.

We respectfully offer our best wishes that, as President, he will be blessed with peace of mind, good health, and will successfully perform the duties of the State with full physical and mental well-being. **Myanmar-Muslim Business Entrepreneurs Association (MMBEA)**

**Sincere Congratulations**

We would like to express our great pride and heartfelt congratulations on Senior General Min Aung Hlaing being elected by the Pyidaungsu Hluttaw as the President of the Republic of the Union of Myanmar.

We respectfully extend our best wishes that, as President, Senior General Min Aung Hlaing will be blessed with mental peace and good health, and will be able to carry out the duties of the State energetically and successfully with both physical and mental well-being. **Zafar Shah Tomb Supervisory Committee Zi Wa Ka Road, Dagon Township, Yangon Region**

**Message of Congratulations and Great Pride**

The Myanmar Edible Oil Millers Association is deeply honored and delighted that Pyidaungsu Hluttaw has elected Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar. We extend our warmest welcome. We offer our best wishes for the President to be able to carry out his duties for the development and interests of Myanmar and its people with ever-increasing momentum.

**Myanmar Edible Oil Millers Association**

**Message of Congratulations**

The Myanmar Digital Economy Association (MDEA) is deeply honored and delighted by the election of Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar by Pyidaungsu Hluttaw. We extend our heartiest congratulations and welcome.

We offer our best wishes for your success in serving the interests of Myanmar and its people with ever-increasing momentum toward development.

**Myanmar Digital Economy Association (MDEA)**

**Message of Congratulations and Great Pride**

The Myanmar Construction Entrepreneurs Federation (MCEF) is deeply honored and delighted by the election of Senior General Min Aung Hlaing as the 11th President of the Republic of the Union of Myanmar by Pyidaungsu Hluttaw. We extend our warmest welcome.

We offer our best wishes for the peace, stability, and prosperity of the Republic of the Union of Myanmar, and for your continued success in serving the interests of the State with ever-increasing momentum.

**Myanmar Construction Entrepreneurs Federation (MCEF)**

**Heartfelt congratulations**

Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association and its regional and state organizations congratulate Senior General Min Aung Hlaing on his election as the 11th President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

May he be able to serve the development of the interests of Myanmar and the people exponentially.

**Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association**

**Heartfelt congratulations**

We congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

We wish him mental and physical well-being and pay respects by praying that he will be able to carry out the duties of the State in a physically and mentally happy manner.

**Myanmar-China Cooperation and Communication Association (MCCCA)**

*From Page 11*

At that time, the Senior General said he travelled to Rakhine State immediately the day after the cyclone, where he provided encouragement and support to the injured and arranged for reconstruction efforts to be carried out with momentum. A National Natural Disaster Management Committee was promptly formed, and rescue and rehabilitation operations were conducted in a timely manner. As many local residents were severely affected by the cyclone, the Tatmadaw and the government worked together to carry out relief and rehabilitation activities without delay. Efforts were made, based on Tatmadaw strength, not only to clear the damage but also to rebuild and restore conditions to a level better than before.

In carrying out these efforts, he said the participation of Tatmadaw members alongside the government and relevant departments was substantial. As a result, rehabilitation work could be implemented effectively and swiftly within a short period of time. The Tatmadaw made extensive use of military aircraft and naval vessels to carry out transportation tasks, delivering relief supplies, aid materials, construction materials, and food by air and sea on multiple occasions. Consequently, people in Rakhine affected by the cyclone were able to quickly secure food, clothing, and shelter. Relief supplies sent by the international community via air and sea, as well as donations from within the country, were handled and transported by Tatmadaw personnel through Yangon, using both air and sea routes, to ensure timely distribution.

In addition, senior military officers were assigned specific responsibilities by township within the state, enabling more effective implementation of debris clearance and rehabilitation work. The assigned officers, he noted, went to live among the affected communities, working on the ground in difficult conditions and carrying out tasks in a practical, hands-on manner. Therefore, in recognition and appreciation of the senior military officers who actively and selflessly participated with strong commitment during Cyclone Mocha and the subsequent rehabilitation efforts within a short period of time, this ceremony to present commemorative honours and awards was held today.

On September 11, 2024, Typhoon Yagi, which formed in the South China Sea, brought the heaviest rainfall in 70 years, triggering widespread flooding across Nay Pyi Taw, Kayin, Kayah, Shan, and Mon states, as well as Mandalay and Magway regions. During this disaster, the Tatmadaw, in cooperation with the government and the public, actively carried out relief and rehabilitation operations.

Likewise, the powerful earthquake that struck Mandalay on March 28, 2025 caused extensive damage in Nay Pyi Taw, Mandalay, Sagaing, and surrounding areas. Tatmadaw personnel took part in rescue, clearance, and recovery efforts. Appreciation is extended to senior Tatmadaw leaders, officers, and all personnel for their effective organization and swift response in disaster rehabilitation efforts across the country, including during Cyclone Mocha.

Over the past five years, recognition is also given to the Union Minister for Industry for efforts in advancing the industrial sector and promoting the success of small, micro, and medium-sized enterprises, which form the backbone of the national economy.

Special gratitude is expressed for the coordinated efforts of the Tatmadaw, the government, and the people in times of national emergencies, along with respect and appreciation for the officers who led and organized these operations.

It is urged that in future emergencies, the Tatmadaw continue to carry out public service duties effectively, serving the people with the guiding principle that "the people are the mother, the people are the father," and to actively engage in public welfare activities across all sectors.

After the ceremony, President-elect and Chairman of the State Security and Peace Commission Senior General Min Aung Hlaing presented commemorative gifts to commission members General Maung Maung Aye, Lt-Gen Phone Myat, Lt-Gen Yar Pyae, General Kyaw Swa Lin, Union Minister for Industry Dr. Charlie Than, senior military officers from the Office of the Commander-in-Chief, and retired senior officers.

The ceremony concluded with a tea reception attended by the Senior General and participants. Afterwards, the Senior General warmly greeted attendees.

100

# Foreign state dignitaries send congratulatory messages to Senior General Min Aung Hlaing on his election of President

**The following are congratulatory messages from foreign state dignitaries sent to Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing on his election of President.**

## Press Release

His Excellency Mr.Anutin Charnvirakul,Prime Minister of the Kingdom of Thailand sent a congratulatory message to His Excellency Senior General Min Aung Hlaing, President-Elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

**Excellency,**

I have the honour to extend my sincere congratulations to Your Excellency on your appointment as Present of the Republic of the Union of Myanmar.

Thailand and Myanmar have long enjoyed close and friendly relations,grounded in mutual respect,shared interests and strong people-to-people ties.

Thailand stands ready to support Myanmar's efforts towards peace,stability,and national development,for the mutual benefit of our two countries and peoples.

I am confident that,under Your Excellency's able leadership,relations between our two countries will continue to grow from strength to strength.

Please accept, Excellency, the renewed assurances of my highest consideration.

**(Anutin Charnvirakul)**
**Prime Minister of the Kingdom of Thailand**

## Press Release

**To**
**U Min Aung Hlaing**
**President, the Republic of the Union of Myanmar**
**Your Excellency,**

On behalf of the government of Saint Petersburg City, I respectfully convey our heartfelt congratulations to Your Excellency on your election as President of the Republic of the Union of Myanmar.

Your Excellency, as a well-rounded leader, has made remarkable efforts for the development of Myanmar, the administration of the nation, and the perpetuation of the State's sovereignty. At this time, your election as President serves as strong evidence of the people's firm trust and respect for your outstanding capabilities.

Throughout your long-standing service to the people of Myanmar, Your Excellency has demonstrated full capability, steadfast spirit, and disciplined leadership.

Saint Petersburg City takes pride in maintaining friendly relations with the beautiful country of Myanmar, thanks to the significant efforts of Your Excellency. We are particularly grateful for your commitment to further strengthening the ties between our two countries. I firmly believe that the partnership and constructive exchanges between our nations, aimed at enhancing bilateral cooperation, are fundamental to advancing the interests of both the peoples of the Russian Federation and Myanmar and achieving future success.

I extend my heartfelt wishes for Your Excellency's continued physical and mental well-being and for even greater achievements in your work.

Sincerely,

**E.D. Grigoriev**
**Chairman of the External Relations Committee, member of the St Petersburg City Government**

## Press Release

Mr. Ivan Polyakov, Chairman of the Russia-ASEAN Business Council sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

**President-elect of the Republic of the Union of Myanmar,**
**Senior General**
**H.E. Min Aung Hlaing**
**Your Excellency!**

Please accept my sincere congratulations on the occasion of your election as President of the Republic of the Union of Myanmar.

I am convinced that your extensive experience in government leadership and your outstanding professional and personal qualities will enable you to successfully lead the country, ensuring stability, socio-economic development and the prosperity of Myanmar.

I confirm my commitment to the practical implementation of our existing agreements and to the further strengthening of cooperation in the spirit of friendship and partnership with the Republic of the Union of Myanmar.

I wish you good health, inexhaustible energy and success in your responsible role for the benefit of the people of Myanmar.

Sincerely yours,

**Chairman of Russia-ASEAN Business Council**
**Ivan Polyakov**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SSPC Secretary Commander-in-Chief of Defence Services General Ye Win Oo attends 79th Anniversary of Directorate of Public Relations and Psychological Warfare


General Ye Win Oo addresses the 79th Anniversary of Directorate of Public Relations and Psychological Warfare.

**Nay Pyi Taw April 8**

The Directorate of Public Relations and Psychological Warfare (DPRPW) of the Office of the Commander-in-Chief (Army) celebrated its 79th Anniversary at the No 2 Tatmadaw TV Broadcasting Unit in Taungnyo town, Ottarathiri Township, Nay Pyi Taw Council Area this morning, addressed by Secretary of the State Security and Peace Commission Commander-in-Chief of Defence Services General Ye Win Oo.

The General and party arrived at the venue and were warmly welcomed by officials of the directorate and staff of MyawadyTV, and later, the ceremony began.

Also present at the ceremony together with the Commander-in-Chief were SSPC member Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Chief of General Staff (Army, Navy and Air) Lt-Gen Ko Ko Oo, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, retired senior military officers who had served at the directorate, officials of the Ministry of Information, officials of Myanmar Press Council, Myanmar Music Association, Myanmar Motion Picture Association, and Myanmar Comedians Association, officers, other ranks, substitute staff from units, schools under the command of the directorate and honoured guests.

After the Myawady music band staged an entertainment program with the song "Myawady of the DPRPW", a video clip commemorating the 79th Anniversary of the directorate was screened.

In his speech, General Ye Win Oo remarked that every passing year or bygone date becomes a historical record. He noted that the history of the country runs parallel to the records and images of the Armed Forces. The history of the DPRPW, which aligns with that of the Tatmadaw, shows that the directorate was established as an education section on 1 August 1947. It later became the Directorate of Education and Psychological Warfare on 31 August 1956, and finally, the Directorate of Public Relations and Psychological Warfare on 1 April 1990.


General Ye Win Oo listens to a presentation.

Throughout its long history, the DPRPW has navigated various conditions alongside other corps, from the independence struggle to the present day. Guided by historical lessons, units at different levels were established in connection with the directorate, which has continued to fulfill its duties from the past to the present.

Despite name changes to meet the Tatmadaw's requirements across different eras, the directorate has consistently strived to implement its core duties: public relations, psychological warfare, organization, and education. The term "public relations" refers to a strategy for establishing mutually beneficial relations between an organization and the public. Furthermore, the mission of public relations is to build the morale of the entire Tatmadaw (Army, Navy, and Air) and possesses the power to unite the military and the people as one.

He stated that observing current global events reveals daily challenges that test the strength of various national education systems. He noted that just as the nation requires abundant well-educated human resources, it is equally necessary to have highly educated military personnel for national defense and security.

In this regard, he highlighted the vital role of the Directorate of Public Relations and Psychological Warfare, as well as the education corps and schools under its command. Reflecting on history, he mentioned that the policy requiring every soldier to be literate which was initiated at the Commanding Officers' Conference in September 1954. He noted that this policy has been implemented since that time, and today, the Directorate of Public Relations and Psychological Warfare continues to take responsibility for operating and teaching at Tatmadaw education schools.


General Ye Win Oo presents prize to an award winner.

Furthermore, he stated that "Tatmadaw Children's Schools" were established in 1952 through the cooperation of the Ministry of Defence and the Ministry of Education to enhance the education of children of personnel serving across the country, as well as children of those fallen or wounded in battle. He noted that these institutions have now been upgraded to basic education schools across various Regional Command areas, effectively contributing to the advancement of the nation's educational standards.

He also stated that Tatmadaw is a steadfast institution that must exist as long as the State exists. He emphasized that for the Tatmadaw, which must perform national defense duties hand-in-hand with the entire populace, the most critical factor is the continuous cultivation of quality military personnel endowed with knowledge and expertise.

Therefore, he announced that a new chapter in the education sector will be implemented starting from the upcoming 2026-2027 academic year. To ensure continuous educational support for the children of active-duty officers and soldiers, retired personnel, and those who have fallen in the line of duty, Tatmadaw Youth Education Training Schools will be opened in Yangon and Nay Pyi Taw to provide basic education at the high school level.

See Page 15

# 57 more illegal foreign nationals operating online scam and gambling businesses near Panku Village, Tachilek Township, arrested



**The arrest of more illegal foreign nationals operating online scam and gambling businesses near Panku Village, Tachilek Township.**

**Nay Pyi Taw April 8**

The government, regarding the fight against online scam and gambling—which pose a danger to the region and the world—as a national duty, is actively working to ensure these operations cannot establish a foothold in Myanmar. This effort involves not only domestic forces but also coordination with neighboring governments.

As part of these ongoing efforts, a combined team including security forces conducted searches following reports of online scam and gambling operations in Tachilek Township, Shan State (East). It was previously announced that on April 7 at around 1:30 PM, 126 illegal foreign nationals were arrested near Panku Village, Tachilek Township, along with equipment used for online scam and gambling.

Continuing their operations, the combined team conducted further searches. This morning at around 7:40 AM, approximately 5,200 meters southeast of Panku Village, an additional 20 individuals—17 Chinese men, 2 Chinese women, and 1 Lao woman—were arrested for involvement in online scam and gambling. Approximately 2,700 meters southwest of Panku Village, 7 Chinese men were arrested. Approximately 1,500 meters southeast of Panku Village, 9 Chinese men were arrested. Approximately 4,500 meters southwest of Panku Village, 12 Chinese men were arrested. Approximately 3,800 meters southeast of Panku Village, 9 Chinese men were arrested. In total, 54 illegal foreign men and 3 illegal foreign women were captured in these follow-up operations.

Those arrested will be dealt with effectively in accordance with the law. Authorities will continue to investigate and identify those involved behind the scenes to ensure they are effectively prosecuted under the law.

The Myanmar government is actively cooperating in efforts to combat online scams and gambling. Furthermore, foreign nationals who have entered Myanmar for various reasons and become involved in online scam and gambling in any capacity are being investigated according to the law. Out of consideration for humanitarian values and international friendship, Myanmar is repatriating them to their respective countries, detaining major offenders for official handover to their relevant governments, and taking effective legal action as appropriate.

100



**The arrest of more illegal foreign nationals operating online scam and gambling businesses near Panku Village, Tachilek Township.**

---

*From Page 14*

He then stated that opening these schools will not only ensure the continuous emergence of a fine new generation of youths for national defense but also produce well-educated military personnel. He added that students who successfully complete their grade levels and meet the qualifications set by the Ministry of Education will be supported by the Tatmadaw to continue their studies. This support includes opportunities to attend military universities and institutes, military medical training, and computer diploma courses for sergeants and clerks.

He also stated that because the Public Relations and Psychological Warfare units are composed of intellectuals, experts, and professionals in fields such as literature, music, and media, maintaining internal unity is a critical factor. He emphasized that in fulfilling all assigned duties, it is necessary to rely on collective strength as the main pillar rather than individual performance alone.

Then, he stated that efforts will be made to modernize and enhance both the form and substance of the Directorate of Public Relations and Psychological Warfare and its subordinate units, which play a crucial role in ensuring the long-term sustainability and strength of military-civil relations. He also solemnly urged the Public Relations and Psychological Warfare units to continue contributing their capabilities and diligent efforts toward national affairs under the current new government.

Therefore, personnel under the command of the Directorate of Public Relations and Psychological Warfare are required to project the image of oneself and one's unit by dutifully performing the responsibilities assigned by the Tatmadaw while preserving prestige of the directorate.

Then, the Secretary of the commission Commander-in-Chief of Defence Services presented prizes to award winners from battalions and training schools under the command of the DPRPW including first prize winner in the collected short stories category of Pakokku U Ohn Pe Literary Award 2025 Maj Yazar Aung, second prize winner in the collect poems category of Pakokku U Ohn Pe Literary Award 2025 WO-II / Clerk Zaw Min Htet, second prize winner in collected short stories category of Sarpay Beikman Literary Award 2024 Maj Kyaw Ye Thein and second prize winner in the Sarpay Beikman political literature manuscript category 2024 Capt Aung Myo Win.

Then, the Secretary of the commission Commander-in-Chief of Defence Services presented 79-lakh cash reward commemorating the 79th anniversary of the directorate offered by President-elect of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing to the director of the directorate.

Afterward, the director respectfully presented a gift commemorating the anniversary to the Secretary of the Commission Commander-in-Chief of Defence Services.

Then, the Secretary of the commission Commander-in-Chief of Defence Services and party enjoyed the honorary performance jointly presented by Myawady Band and personnel under the command of the directorate, artists from the Myanmar Radio and Television, film stars, musicians and traditional performers.

After the entertainment program, Member of the commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swar Lin presented cash rewards for artists and entertainment troupes to officials while the Secretary of the commission Commander-in-Chief of Defence Services presented an honorary flower basket for them to officials.

After the ceremony, the Secretary of the commission Commander-in-Chief of Defence Services and party inspected the shooting of programs in the TV station, operation of equipment in the Master Control Room, broadcasting daily news programs and other television programs in the transmission factory in Myawady Television (Nay Pyi Taw) and the Secretary of the commission Commander-in-Chief of Defence Services , after hearing reports of officers, asked questions about salient points and gave necessary instructions.

Then, the Secretary of the commission Commander-in-Chief of Defence Services and party inspected the exhibition booths and documentary photo exhibition booths commemorating the 79th anniversary of the directorate and gave necessary instructions.

Afterward, the Secretary of the commission Commander-in-Chief of Defence Services signed the guest book of No.2 Tatmadaw Television Broadcasting Unit and enjoyed the anniversary luncheon together with guests and staff.

Then, the Secretary of the commission Commander-in-Chief of Defence Services signed the signing board commemorating the anniversary and left the ceremony after being bade farewell by the staff and responsible officials of the MWD.

The Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) was established along the historic Myanmar independence struggle on 1 August, 1947 and has successfully performed duties for public relations, psychological warfare, and education and organizational tasks for personnel in successive eras in history while committing to do so in the interest of the country and the people in the future.

100





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော် အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများကို ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အငြိမ်းစားအဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမသမာမှုများကြောင့် အရေးပေါ်ကာလသတ်မှတ်ပြီး အခြေခံဥပဒေနှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်ကြီးထွန်းအောင်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

အညီ နိုင်ငံတော်က တာဝန်ပေးခဲ့သောကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယခုအထိ နိုင်ငံ့တာဝန်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ချိန်မှစပြီး အခက်အခဲနှင့်စိန်ခေါ်မှုများစွာကြုံတွေ့ခဲ့ရသည်ကို မိမိနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်များနှင့် တပ်မတော်သားများ ပူးပေါင်းပြီး ပြည်သူလူထုအားဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

စတင်တာဝန်ယူချိန်၌ ကိုဗစ်-၁၉ကူးစက်ရောဂါပြင်းထန်နေသည့်အချိန်ဖြစ်ပြီး ကူးစက်မှုကာကွယ်ရန်နှင့် ကုသရေးဆိုင်ရာများကို တပ်မတော်သားများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသောကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးစွာဖြင့် ကပ်ရောဂါကြီးကိုကျော်လွှားနိုင်ခဲ့ကြောင်း၊ ထို့အတွက်ကြောင့်လည်း တပ်မတော်မှစီစဉ်ဆောင်ရွက်ပေးခဲ့သူများနှင့် ပါဝင်ဆောင်ရွက်ခဲ့သူများအား မှတ်တမ်းတင်ကြောင်းကို ပြောကြားလိုကြောင်း။

တစ်ဆက်တည်း၌ပင် ရခိုင်ပြည်နယ်၌ ၂၀၂၃ ခုနှစ် မေ ၁၄ ရက်၌ အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်တွင် လူအသေအပျောက်များခဲ့ပြီး ရုံးအဆောက်အအုံများ၊ လူနေအိမ်များ၊ စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများ များစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း။

ယင်းအချိန်က မိမိအနေဖြင့် ရခိုင်ပြည်နယ်ကို မုန်တိုင်းတိုက်ခတ်ပြီးနောက်ရက်တွင် ချက်ချင်းသွားရောက်ပြီး ထိခိုက်ဒဏ်ရာရသူများကို အားပေးနှစ်သိမ့်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ချက်ချင်းဖွဲ့စည်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်စေခဲ့ကြောင်း၊ ဒေသခံအများစုအနေဖြင့် မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်နေကြပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်း ခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများက တည်ခင်းဧည့်ခံထားသည့် ဂုဏ်ပြုလက်ဖက်ရည်များ အတူတကွ သုံးဆောင်ကြစဉ်။

တပ်မတော်နှင့်အစိုးရပူးပေါင်းပြီး ချက်ချင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ပျက်စီးမှုများကို ရှင်းလင်းခြင်းနှင့် ပြန်လည်ထူထောင်မှုကို မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် တပ်မတော်အင်အားကို အခြေပြုပြီး အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အစိုးရ၊ ဌာနဆိုင်ရာများနှင့်အတူ တပ်မတော်သားများ၏ ပူးပေါင်းပါဝင်မှုသည် အင်အားကြီးမားခဲ့ကြောင်း၊ ထို့ကြောင့်လည်း အချိန်တိုကာလအတွင်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်လေယာဉ်များ၊ စစ်ရေယာဉ်များကို အင်တိုက်အားတိုက်အသုံးပြုပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုလည်းဆောင်ရွက်ခဲ့ကြောင်း၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စားရေရိက္ခာများကိုရေကြောင်း၊ လေကြောင်းတို့ဖြင့်အကြိမ်ကြိမ်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ သတ်သတ်မှတ်မှတ် တာဝန်ပေးပြီး အပျက်အစီးများရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်ဆောင်ရွက်စေခဲ့ကြောင်း၊ တာဝန်ပေးခဲ့သည့် တပ်မတော်အရာရှိကြီးများကလည်း တောင်တရုတ်ပင်လယ်ဘက်က စခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် နေပြည်တော်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ ဒေသများတွင်လည်း ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကယ်ဆယ်ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တပ်မတော်သားများ ပူးပေါင်းပါဝင်ခဲ့ကြခြင်း ပူးပေါင်းပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် အရာရှိများ၊ တပ်မတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြုသည်ကို ပြောကြားလိုပါကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးကျော်စွာလင်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

အလားတူ မိမိတို့တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေခံဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများတိုးတက်အောင်မြင်အောင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ကြိုးစားလုပ်ဆောင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံလာတိုင်း၌ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့် တစ်သားတည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်အောင် ကြီးကြပ်ကွပ်ကဲစီမံပေးခဲ့ကြသည့် တပ်မတော်အရာရှိကြီးများကိုလည်းလေးစားစွာမှတ်တမ်းတင်ဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

အနာဂတ်ကာလတွင်လည်း နိုင်ငံ့

**မိုခါမုန်တိုင်းအပါအဝင် နိုင်ငံတော်တွင်ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်က ထိထိရောက်ရောက်မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် အရာရှိများ၊ တပ်မတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြုသည်ကို ပြောကြားလို . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးလူအေး(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

ထို့ကြောင့်လည်း မုန်တိုင်းဒဏ်ခံရသည့် ရခိုင်ပြည်သူများ စားဝတ်နေရေးအဆင်ပြေပြီး အမိုးအကာအောက်လျင်မြန်စွာရောက်ရှိနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာကလေကြောင်း၊ ရေကြောင်းဖြင့်ပေးပို့လာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြည်တွင်းမှ လှူဒါန်းသည့်ပစ္စည်းများကိုလည်း တပ်မတော်သားများက ရန်ကုန်မှတစ်ဆင့် လေကြောင်း၊ ရေကြောင်းများဖြင့် အတင်အချပြုလုပ်ပြီး အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း။

ထို့ပြင် တပ်မတော်မှ အရာရှိကြီးများကို ပြည်နယ်အတွင်း မြို့နယ်အလိုက် ဆင်းရဲဒုက္ခကြားတွင် သွားရောက်နေထိုင်ပြီး လက်တွေ့ကျကျ အောက်ခြေထိဆင်းပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိုခါမုန်တိုင်းကျရောက်စဉ်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း၌ စိတ်စေတနာထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စားပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်အရာရှိကြီးများကို ကျေးဇူးတင်ပြီး လေးစားဂုဏ်ပြုသည့်အနေဖြင့် ယနေ့ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်သည့်အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။


၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် တွင် နှစ်ပေါင်း ၇၀ အတွင်း အကြီးမားဆုံးသော မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ သဘာဝဘေး ကျရောက်စဉ်ကလည်း တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

အလားတူ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့်အလွန်အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းတို့၌ ထိခိုက်ပျက်စီးမှုများပြီး အခြားဖြစ်ကြောင်း၊ ထိုကဲ့သို့ မိုခါမုန်တိုင်းအပါအဝင် နိုင်ငံတော်တွင်ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်က ထိထိရောက်ရောက်မြန်မြန်ဆန်ဆန် အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးကိုထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊

စာမျက်နှာ ၁၈ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်ကြီးမိုးအောင်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

**"ပြည်သူသာအမိ ပြည်သူသာအဖ"ဟူသည့် ခံယူချက်နှင့် ပြည်သူများအပေါ် အလုပ်အကျွေးပြုသွားကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှအင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။**

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အငြိမ်းစားအဆင့်မြင့် တပ်မတော်အရာရှိကြီးများကို ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တည်ခင်းဧည့်ခံထားသည့် ဂုဏ်ပြုလက်ဖက်ရည်များကိုအတူတကွသုံးဆောင်ကြသည်။

အခမ်းအနားအပြီးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ဗန်ကောက်မြို့**
**ဧပြီလ ၇ ရက်၊ ဘီ.အီး.၂၅၆၉ (၂၀၂၆)**

**အဆွေတော်**
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**
**နေပြည်တော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် အပြန်အလှန် လေးစားမှု၊ အကျိုးစီးပွားမျှဝေမှုနှင့် ပြည်သူနှစ်ရပ်အကြား ခိုင်မာသည့် ဆက်ဆံရေးတို့အပေါ် အခြေခံသည့် နီးကပ်သော ချစ်ကြည်ရင်းနှီးမှုတို့ ကာလရှည်ကြာ တည်ရှိခဲ့ပါသည်။

မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်စလုံး၏ အပြန်အလှန် အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းမှုနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအား ထိုင်းနိုင်ငံအနေဖြင့် ပံ့ပိုးကူညီရန် အသင့်ရှိနေကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာတိုးမြှင့်သွားမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

**(အနုထင်ချာဝီရာကွန်)**
**ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**မော်စကိုမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်**

**အဆွေတော်၊**
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ခေါင်းဆောင်မှုအတွေ့အကြုံများ၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝမှုများဖြင့် မြန်မာနိုင်ငံ တည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အောင်မြင်စွာဦးဆောင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ဆက်ဆံရေးကိုအခြေခံ၍ မိမိတို့အကြား ရှိရင်းစွဲသဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်သွားရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး ဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါသည်။

အဆွေတော် ကျန်းမာ၍ စွမ်းအားများပြည့်ဝပါစေကြောင်းနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်မင်ရင်းနှီးစွာဖြင့်

**အီဗန် ပိုလီယာကော့ဗ်**
**ဥက္ကဋ္ဌ**
**ရုရှား-အာဆီယံစီးပွားရေးကောင်စီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် E.D. Grigoriev ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**သို့**
**ဦးမင်းအောင်လှိုင်**
**သမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လေးစားအပ်ပါသော အဆွေတော်သမ္မတကြီးခင်ဗျာ၊**

အဆွေတော်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့၏ကိုယ်စား ဂုဏ်ပြုဝမ်းမြောက်ပါကြောင်း လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။

ပညာပြည့်ဝသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည့် အဆွေတော်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အုပ်ချုပ်ရေးနှင့် အချုပ်အခြာအာဏာ ခိုင်မြဲရေးတို့အတွက် ပြောင်းမြောက်သည့်ဆောင်ရွက်ချက်များ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ယခုအခါ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် အဆွေတော်၏ စွမ်းဆောင်ရည်များအပေါ် ပြည်သူများမှထားရှိသည့် ခိုင်မာသော ယုံကြည်မှုနှင့် လေးစားမှုတို့၏ သက်သေပင်ဖြစ်ပါသည်။

အဆွေတော်၏ မြန်မာပြည်သူများအတွက် နှစ်ရှည်လများ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် လုပ်ဆောင်ချက်များတွင်လည်း အရည်အချင်းပြည့်ဝမှုနှင့် စိတ်ဓာတ်စည်းကမ်းခိုင်မာမှုတို့ကို ပြသနိုင်ခဲ့ပါသည်။

စိန့်ပီတာစဘတ်မြို့အနေဖြင့် သမ္မတကြီး၏ကြိုးပမ်းအားထုတ်မှုကြောင့် သာယာလှပသော မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုင်ဆိုင်ခွင့်ရရှိထားသည်ကို ဂုဏ်ယူမိပါသည်။ အဆွေတော်သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်ပေးမှုများအတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံမှုများနှင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုများသည် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်နှင့် အနာဂတ်အောင်မြင်မှုများအတွက် အခြေခံအချက်ဖြစ်သည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်ပါသည်။

သမ္မတကြီးအနေဖြင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်းနှင့် လုပ်ငန်းဆောင်တာများ၌ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

**E.D. Grigoriev**
**ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း၊ အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် ဧပြီ ၈**

၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာ-မွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဇဖာရ်ရှားဂူဗိမာန် ကြီးကြပ်ရေးကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်း သိရှိရသည်။ (ဥ၀၁)

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး**

### အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ဇဖာရ်ရှားဂူဗိမာန်ကြီးကြပ်ရေးကော်မတီ**
**ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-မွတ်စလင်စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)**

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး တာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ **နိုင်ငံတော်သမ္မတ**အဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဂုဏ်ယူကြိုဆိုအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MDEA)**

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁) ဦးမြောက် **နိုင်ငံတော်သမ္မတ**အဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းများမှ ဝမ်းမြောက်ဂုဏ်ယူ ကြိုဆိုအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက်နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF ) က အထူးဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး နိုင်ငံတော် အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်(MCEF )**

### အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေးအသင်း(MCCCA)**

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးအပ်ချီးမြှင့်သည့် ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၉ သိန်းကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်က လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးထံ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်က နှစ်ပတ်လည်နေ့အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၄ ခုနှစ် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသူ ဗိုလ်မှူးကျော်ရဲသိန်း အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး ပိုမိုရေရှည်တည်တံ့ခိုင်မာရေးအတွက် အဓိကအရေးပါသည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်တပ်များအတွက် လိုအပ်သည့် အသွင်သဏ္ဍာန်ပိုင်းနှင့် အနှစ်သာရပိုင်းများကိုလည်း ပိုမိုခေတ်မီတိုးတက်အောင် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ် . . .**

☆ **ကျောဖုံးမှအဆက်**

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသ ပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြဝတီတေးဂီတအဖွဲ့က **“ကကပြည်ရဲ့ မြဝတီ”** တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေး မှူးရုံး၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက်အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကုန်လွန်ခဲ့သည့် နှစ်တစ်နှစ် သို့မဟုတ် ကျန်ရစ်ခဲ့သည့် ရက်စွဲတစ်ခုသည် နောင်လာမည့် ကာလများအတွက် သမိုင်းမှတ်တမ်းများပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကို ပြန်ကြည့်မည်ဆိုပါက တပ်မတော်၏ မှတ်တမ်းပုံရိပ်များကိုလည်း ပူးတွဲတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ တပ်မတော်၏ သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ သမိုင်းကြောင်းကို ပြန်ကြည့်ပါက ၁၉၄၇ ခုနှစ် ဩဂုတ် ၁ ရက်တွင် **“ပညာရေးဌာနစု”** အဖြစ် စတင်ပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၁၉၅၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် **“ပညာရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး”**၊ ၁၉၉၀ ပြည့်နှစ် ဧပြီ ၁ ရက်တွင် **“ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး”** အဖြစ် ခေတ်ကာလနှင့်အညီ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ မျက်မှောက်ကာလတိုင်ရှည်လျားသည့် သမိုင်းခရီးစဉ်တစ်လျှောက် နိုင်ငံတော်၏ ခရီးလမ်းအသွယ်သွယ်ကို အခြားလက်ရုံးတပ်များနည်းတူ ပါဝင်ဖြတ်ကျော်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သမိုင်းကပေးသည့် အတွေ့အကြုံများအရ လိုအပ်သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးဆိုင်ရာတပ်ဖွဲ့များကို အဆင့်ဆင့် ဖွင့်လှစ်ခဲ့ပြီး ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေးနှင့် ပညာရေးတာဝန်များကို အတိတ်သမိုင်းမှစ၍ ယနေ့ထက်တိုင် ကြိုးပမ်းထမ်းရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏လိုအပ်ချက်အရ ခေတ်ကာလတစ်လျှောက် မည်သို့ပင် အမည်နာမများ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သော်လည်း မူလရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ စည်းရုံးရေး၊ ပညာပေးရေးဆိုသည့် လုပ်ငန်းတာဝန်လေးရပ်ကို ကျေပွန်စွာ ကြိုးစားအကောင်အထည်ဖော်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေး(Public Relations)နှင့် စိတ်ဓာတ်စစ်ဆင်ရေး (Psychological Warfare) ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက **ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ အဖွဲ့အစည်းတစ်ခုနှင့် လူထုအကြား အပြန်အလှန်အကျိုးရှိသည့် ဆက်ဆံရေးကိုထူထောင်ရသည့် ဆက်သွယ်ရေး မဟာဗျူဟာ လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်**ကြောင်း၊ **စိတ်ဓာတ်စစ်ဆင်ရေးဆိုသည်မှာ တပ်မတော်(ကြည်း၊ရေ၊လေ) အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်နှင့်တည်ဆောက်ပြီး ပြည်သူကြားက မွေးဖွားလာသည့် တပ်မတော်နှင့်ပြည်သူကို တစ်သားတည်းဖြစ်စေသည်ထိ စွမ်းပကားကြီးမား**ကြောင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာ့ဖြစ်စဉ်များကို လေ့လာကြည့်ပါက နိုင်ငံအသီးသီး၏ ပညာရေးစနစ်အခြေခံခိုင်မာမှု ရှိ၊ မရှိ ဆိုသည်ကို စိန်ခေါ်မှုများစွာဖြင့် နေ့စဉ်ဆန်းစစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ပညာပြည့်ဝသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများအတွက်လည်း ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်များ များစွာရှိနေရန် လိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက် ပညာရေးတပ်၊ ကျောင်းများ၏ အခန်းကဏ္ဍသည် အဓိကအရေးပါသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သမိုင်းကိုပြန်ကြည့်ပါက ၁၉၅၄ ခုနှစ် စက်တင်ဘာလတွင် တပ်မှူးများ ညီလာခံမှ စတင်အသက်ဝင်ခဲ့သည့် တပ်မတော်သားတိုင်း အရေး၊ အဖတ်၊ အတွက် “အ” သုံးလုံးကျေ ပညာရပ်များကို တတ်မြောက်ရမည်ဆိုသည့် မူဝါဒကို ထိုစဉ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့အချိန်အခါတွင်လည်း တပ်မတော်ပညာရေးကျောင်းများကို ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးက တာဝန်ယူပြီး ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော်၏ ဒေသအနှံ့တွင် ကျရာတာဝန်ကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ တိုက်ပွဲကျဆုံးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများ၏ သားသမီးများ၏ ပညာရည်မြင့်မားစေရန်အတွက် **“တပ်မတော် ကလေးကျောင်း”** များကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၁၉၅၂ ခုနှစ်မှ စတင်ဖွင့်လှစ်ပညာသင်ကြားခဲ့ကြောင်း၊ ယနေ့အခါတွင် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အခြေခံပညာကျောင်းများအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီး နိုင်ငံတော်၏ ပညာရည်မြင့်မားရေးကို အားဖြည့်ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေရမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်သွားရမည့် တပ်မတော်တစ်ရပ်အနေဖြင့် အသိပညာ၊ အတတ်ပညာများနှင့်ပြည့်စုံသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားရေးသည် အရေးကြီးဆုံးအချက်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစတင်၍ ပညာရေးနှင့်ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါပညာရေးကဏ္ဍသစ်မှာ တပ်မတော်တွင် စစ်မှုထမ်းဆောင်ဆဲတပ်မတော်သား အရာရှိ၊ စစ်သည်များ၏

စာမျက်နှာ ၂၁ သို့



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြဝတီရုပ်မြင်သံကြား (နေပြည်တော်) ထုတ်လွှင့်ရေးစက်ရုံအတွင်း နေ့စဉ်ထုတ်လွှင့်လျက်ရှိသည့် သတင်းအစီအစဉ်များ လက်တွေ့ရိုက်ကူးမှုများနှင့် ရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်ခြင်းများကို လိုက်လံကြည့်ရှုစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသည့် Signing Board တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

# ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတပ်ဖွဲ့၏ လေးမြတ်သည့် ဂုဏ်ဒြပ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်များအပေါ် ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ရင်း မိမိ၏ဂုဏ်၊ တပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်သွားကြရန်လို . . .

**စာမျက်နှာ ၂၀ မှအဆက်**

သားသမီးများ၊ တပ်မတော်သားအငြိမ်းစားအရာရှိ၊ စစ်သည်များ၏ သားသမီးများနှင့် ကျဆုံးသွားကြသော တပ်မတော်သားအရာရှိ၊ စစ်သည်များ၏ သားသမီးများ၏ ပညာရေးကို စဉ်ဆက်မပြတ် တာဝန်ယူစောင့်ရှောက်နိုင်ရန် တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်ပြီး အခြေခံပညာ အထက်တန်းအဆင့် ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာ ပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းများထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ကို ပြောကြားလိုကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များသည် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စာပေ၊ ဂီတ၊ မီဒီယာစသည့် သဘောသဘာဝအပေါ် အခြေခံပြီး ဖွဲ့စည်းထားသော တပ်ဖွဲ့များဖြစ်ခြင်းကြောင့် တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီးသည့် အချက်ပင်ဖြစ်ကြောင်း၊ ပေးအပ်လာသော တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် စုပေါင်းအားကို အဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုအပ်ကြောင်း။

**စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးပိုမို ရေရှည်တည်တံ့ခိုင်မာရေးအတွက် အဓိကအရေးပါသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်တပ်များအတွက်** လိုအပ်သည့် အသွင်သဏ္ဌာန်ပိုင်းနှင့် **အနှစ်သာရပိုင်းများကိုလည်း ပိုမိုခေတ်မီတိုးတက်အောင် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊** ထို့အတူ လက်ရှိ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင်လည်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များ၏ စွမ်းပကားနှင့် နိုင်ငံ့အရေးအတွက် ဆက်လက် အားဖြည့်ကူညီကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လည်း အလေးအနက်ထားမှာကြားလိုကြောင်း။

ထို့ကြောင့် **ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတပ်ဖွဲ့၏ လေးမြတ်သည့် ဂုဏ်ဒြပ်ကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်သည့် တာဝန်များအပေါ် ကျေပွန်အောင်ကြိုးပမ်းထမ်းဆောင်ရင်း မိမိ၏ဂုဏ်၊ တပ်ဖွဲ့၏ ဂုဏ်ကို မြှင့်တင်သွားကြရန်လိုကြောင်း** ဖြင့် ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ ဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်ရာ ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆုဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသူ ဗိုလ်မှူးရာဇာအောင်၊ ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ကဗျာပေါင်းချုပ် ဒုတိယဆုရှိသူ ဒုတိယအရာခံဗိုလ်/စာရေး ဇော်မင်းထက်၊ ၂၀၂၄ ခုနှစ် စာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသူ ဗိုလ်မှူးကျော်ရဲသိန်းနှင့် ၂၀၂၄ ခုနှစ် စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေဆု ဒုတိယဆုရရှိသူ ဗိုလ်ကြီး အောင်မျိုးဝင်းတို့က ဆုများအသီးသီး လက်ခံရယူကြသည်။

၎င်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးအပ်ချီးမြှင့်သည့် ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၉ သိန်းကို ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက နှစ်ပတ်လည်နေ့အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြဝတီတေးဂီတအဖွဲ့နှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ရုပ်ရှင်နှင့် သဘင်ဂီတအနုပညာရှင်များ ပူးပေါင်း၍ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းကိုလည်းကောင်း ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြား (နေပြည်တော်) ထုတ်လွှင့်ရေးစက်ရုံအတွင်းရှိ TV Studio အတွင်း Program ရိုက်ကူးမှုများ၊ Master Control Room အတွင်းရှိ စက်ပစ္စည်းများ၏ လုပ်ဆောင်ချက်များ၊ နေ့စဉ်ထုတ်လွှင့်လျက်ရှိသည့် သတင်းအစီအစဉ်များကို လက်တွေ့ရိုက်ကူးမှုများနှင့် ရုပ်မြင်သံကြားအစီအစဉ် ထုတ်လွှင့်ခြင်းများကို လိုက်လံကြည့်ရှုကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ကော်မရှင်အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းတို့ကို လှည့်လည်ကြည့်ရှု၍ ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့်အတူ နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာကိုအတူတကွသုံးဆောင်သည်။

ယင်းနောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသည့် Signing Board တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ပြန်လည်ထွက်ခွာရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက နှုတ်ဆက်ခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည် ၁၉၄၇ ခုနှစ် ဩဂုတ် ၁ ရက်တွင် မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ခေတ်အဆက်ဆက် တပ်မတော်၏ သမိုင်းတစ်လျှောက်တွင် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ တပ်မတော်သားများအတွက် ပညာရေးနှင့်စည်းရုံးရေးလုပ်ငန်းများကို အောင်မြင်ကျေပွန်စွာ ထမ်းရွက်ခဲ့သကဲ့သို့ အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၍ တာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



နေပြည်တော် ဧပြီ ၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၂ ဦး ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၃၆၈ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၈ ဒသမ ၉၂ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်မှ စတင်ပြီး ယနေ့ပဉ္စမနေ့ထိ ကျင်းပခဲ့ပါကြောင်း၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကိုလည်း ၂၀၂၆ ခုနှစ် မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ကျင်းပခဲ့ပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော်အစည်းအဝေးပထမနေ့တွင် သဘာပတိတင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်အစည်းအဝေး ဒုတိယနေ့၊ တတိယနေ့၊ စတုတ္ထနေ့တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းပြီးသည့်နေ့တွင် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)အရ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့ကြောင်း။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌထံမှ မတ် ၁၇ ရက်တွင်ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌထံမှ မတ် ၁၇ ရက်တွင် ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌထံမှ မတ် ၁၉ ရက်တွင် ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီးထံမှ မတ် ၂၃ ရက်တွင် ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌထံမှ မတ် ၂၃ ရက်တွင် ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်ကမှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အမည်စာရင်းအား ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့တင်ပြခဲ့ရာ ယခုဆိုလျှင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့သည့် ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူအနေဖြင့် တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်အစည်းအဝေးသို့လေ့လာသူအဖြစ် နိုင်ငံရေးပါတီများမှ လာရောက်လေ့လာသူ ၂၁ ဦး၊ ပြည်သူလူထုလေ့လာသူငါးဦး လာရောက်လေ့လာခဲ့ကြပါကြောင်း။

မတ် ၁၆ ရက်ကစပြီး ဧပြီ ၈ ရက်ထိ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့်ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးများတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်း အပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များမှာ သဘာပတိတင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံတော်သမ္မတ အရည်အချင်း စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်းနှင့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း။

အတည်ပြုခြင်းအပိုင်းနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များမှာ ဥပဒေကြမ်း ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်းနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ တင်ပြချက်ကိုအတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

ဖွဲ့စည်းခြင်းအပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအနေဖြင့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းခြင်းတို့ဖြစ်ပါကြောင်း။

မှတ်တမ်းတင်ခြင်းအပိုင်းနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအနေဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနေ့အစည်းအဝေးများ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ငါးခုကို မှတ်တမ်းတင်ခြင်း၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့၊ ဒုတိယနေ့ အစည်းအဝေးများ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလနှင့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ကျင်းပသည့်ရက်အတွင်း ဆောင်ရွက်ခဲ့သည့် ဖော်ပြပါ ဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ထားရှိပြီးဖြစ်ကြောင်း လွှတ်တော်သို့အသိပေးရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်တွင် စတင်ခဲ့ပြီး ယနေ့ ဧပြီ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူကို ကိုယ်စားပြုခွင့်ရသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်အဆောက်အအုံထဲတွင် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုသည့်ဆောင်ပုဒ်များကို နေရာအနှံ့အပြားတွင် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ကြည့်မည်ဆိုပါက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းနှင့် သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူလူထုကိုကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန် ထိန်းညှိခြင်းများကို တွေ့ရမည်ဖြစ်ပါကြောင်း။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလအတွင်းတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကို မဲပေးရွေးချယ်တင်မြှောက်ပေးလိုက်သည့် ပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက် အတည်ပြုဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် လွှတ်တော်၏ အဓိကတာဝန်များကို အချိန်တိုအတွင်း အထိုက်အလျောက် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်ချက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအားလုံးကို ပြည်သူ့လွှတ်တော်က ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူ မှတ်တမ်းပြုအပ်ပါကြောင်း။

မကြာမီ လွှတ်တော်ကိုခေတ္တရပ်နားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ရပ်နားနေစဉ်ကာလအတွင်း ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ရောက်ရှိရာနေရာဒေသတိုင်းတွင် ပြည်သူ့အသံကိုနားထောင်ခြင်း၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခြင်း၊ အမျိုးသားအကျိုးစီးပွားကိုအလေးအနက်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်စေရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူကို ထာဝရကိုယ်စားပြုနိုင်ရန် အထူးအလေးထား ကြိုးစားဆောင်ရွက်သွားကြစေလိုပါကြောင်း။

ထို့ပြင် ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေမည့် လုပ်ငန်းတာဝန်များကိုလည်း စိတ်ကောင်းစေတနာမှန်နှင့် ဆတက်ထမ်းပိုးထမ်းဆောင် ကြရန်လိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏အဓိကကျသော မဏ္ဍိုင်ကြီးတစ်ခုဖြစ်သည့် ဥပဒေပြုမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက်နေကြသူများဖြစ်သည့်အတွက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်လုပ်ပိုင်ခွင့်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကိုက်ညီအောင် ကြိုးပမ်းပြီး တာဝန်ကျေပွန်စွာဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စများကို အားလပ်ချိန်များတွင် လေ့လာထားရမည်ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများ အနေဖြင့် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် မိမိကိုယ်စားပြုသည့် မဲဆန္ဒနယ်မြေနှင့် မိမိကိုယ်စားပြုရာ မဲဆန္ဒနယ်မြေအတွင်းတွင်ရှိသည့် နိုင်ငံသူ၊ နိုင်ငံသားများနှင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အရေးကိစ္စများကို အမြော်အမြင်ရှိစွာဖြင့် ဥပဒေနှင့်အညီ အလေးထားကြိုးပမ်းဆောင်ရွက်ကြပြီး ပြည်သူများ၏လိုလားချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် မေတ္တာရှင်သူရဲကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြရန် ယုံကြည်မျှော်လင့်လျက်ရှိပါကြောင်း။

မကြာမီ ကျရောက်မည့် ၁၃၈၈ ခုနှစ် မြန်မာ့နှစ်သစ်ကူး အခါသမယတွင် ပျော်ရွှင်ကျန်းမာစွာ ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာဖြင့် ကိုယ်စားလှယ်များအားလုံးကို ပြန်လည်ဆုံတွေ့ကြပါစို့ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေးကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဧပြီ ၈**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၃၃ဦးရှိသည့်အနက် ယနေ့ အစည်း အဝေးသို့ ၂၁၁ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်း အဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်းကြေညာကာ အစည်း အဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျောင်းလီကျဲ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စဗယ်လင် တီနာ မက်ဗီယန်ကို၊ ဘယ်လာရုစ်သမ္မတ နိုင်ငံ အမျိုးသားလွှတ်တော်ကောင်စီ (အထက်လွှတ်တော်)ဥက္ကဋ္ဌ မစ္စနာတာ လီယာကိုချာနိုဗာ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာအီစ်ကန်ဒဲ အာဇီဇော့ဗ်တို့က ပေးပို့လာသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည့် အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပြီးဆုံးပြီဖြစ်ကြောင်း၊ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်း အဝေးကို မတ် ၁၈ ရက်မှ ဧပြီ ၈ ရက်ထိ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေး ပထမ နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များထဲမှ သဘာပတိအဖြစ် တင်မြှောက်ခြင်းနှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။



ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်း အဝေးက ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းနီနီအေးကို ဒုတိယ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ခဲ့ ကြောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အနေဖြင့် ၂၀၂၂ခုနှစ်အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ၂၀၂၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄တို့အရ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့် အရေးကော်မတီ၊ အစိုးရ၏အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများကို ဖွဲ့စည်းနိုင်ရေး အတွက် ယင်းကော်မတီတစ်ခုချင်းစီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ် စားလှယ်များအမည်စာရင်း၊ယင်းကော်မတီ များအလိုက် တာဝန်ယူဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက် ရယူပြီး ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက် ခဲ့ကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စသည့် နိုင်ငံများက အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံ ဆိုင်ရာ ရုရှားသံအမတ်ကြီးတို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ လာခြင်းကို လွှတ်တော်သို့တင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက် ခဲ့ကြောင်း။

မိမိတို့လွှတ်တော်သည် ဥပဒေပြုရေး အာဏာပိုင်ဆိုင်ထားသည့် အဖွဲ့အစည်း ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရရှိထား သည့် ဥပဒေပြုရေးအာဏာကို အသုံးပြု ကာ ပြည်သူများချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသား ရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိက တာဝန်ဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေး ကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများ၏ လုပ်ငန်းများကိုလည်း နှံ့နှံ့စပ်စပ်လေ့လာ သိရှိထားရန်လိုအပ်ကြောင်း၊ အုပ်ချုပ်ရေး ကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများ အပေါ်တွင် မိမိတို့လွှတ်တော်ကိုယ်စား လှယ်များ၏ ပြောဆိုပြုမူ ဆောင်ရွက်ချက် များသည် မလျော်ဩဇာသုံးသည့် သဘောမျိုးမသက်ရောက်စေရန် သတိ ကြီးစွာထားရန်လိုအပ်သည်ကို မှာကြား လိုကြောင်း။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက အုပ်ချုပ်သည့် စနစ်ဟုပြောနိုင်ကြောင်း၊ နိုင်ငံသားများအားလုံး လွှတ်တော်ထဲတွင် လာရောက်မထိုင်နိုင်သည့်အတွက် ၎င်း တို့၏ကိုယ်စား ရွေးချယ်တင်မြှောက် စေလွှတ်သည်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ သည် ပြည်သူကပေးအပ်စေခိုင်းသည် များကို တာဝန်ဟုခံယူပြီး ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ပြည်သူများခံစားတွေ့ကြုံ နေရသည့် အခက်အခဲများကို ပြည်သူနှင့် ထပ်တူခံစားပြီး ပြည်သူ့အကျိုးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ထဲကို ရောက်ရှိလာကြသည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ယခုဆိုလျှင် တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေကြသူများဖြစ်ကြ ကြောင်း၊ဖြတ်သန်းလာကြသည့် နယ်ပယ် အသီးသီးသည် မတူညီကြသော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုး ဖြစ်ထွန်းစေမည့်ဥပဒေများကို ပြဋ္ဌာန်း မည်၊ မေးခွန်းများ၊အဆိုများကို မေးမြန်း တင်သွင်းကြမည်ဆိုသည့် ရည်မှန်းချက် ချင်းတူညီကြပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များအကြား ဥပဒေပြုရေး၊ မေးခွန်းများ၊ အဆိုများဆွေးနွေးရေး များနှင့်ပတ်သက်ပြီး အမြင်မတူသည်များ၊ သဘောထား ကွဲလွဲသည်များရှိနေမည် ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ရှေးရှု ညှိနှိုင်းပြီး ဆွေးနွေးအဖြေရှာသွားကြရ မည်ဖြစ်ကြောင်း။

လွှတ်တော် ကိုယ်စားလှယ်သည် သက်ဆိုင်ရာ နိုင်ငံရေးပါတီများရှိကြ သော်လည်း ပြည်သူလူထုက ရွေးကောက် တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စား လှယ်များဖြစ်သည်ဆိုသည့် ခံယူချက်ထား ရှိပြီး အပြန်အလှန်လေးစားမှုဖြင့် ညှိနှိုင်း တိုင်ပင် ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း၊ တိုင်းရင်းသားများကို ကိုယ်စား ပြုသည့် လွှတ်တော်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် လွှတ်တော်အစည်း အဝေးရပ်နားထားစဉ်တွင် ဒေသခံပြည်သူ များပေးအပ်မည့်တာဝန်များကို အကောင် အထည်ဖော်ဆောင် ပေးနိုင်ရန်အတွက် ပြည်သူများ၏အသံကို နားထောင်ပြီး ပြည်သူများ၏ နေ့စဉ်ဘဝများကို ထိတွေ့ကာ ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒ များကို လွှတ်တော်ထဲအထိရောက်အောင် သယ်ဆောင်၍ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ တင်သွင်းနိုင်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်း လိုကြောင်း။

ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည် ကြောင်း၊ မြန်မာနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပြီး ဒီမိုကရေစီ အောင်ပန်းကို ဆွတ်လှမ်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက ဆက်လက်ကြိုးပမ်းအကောင် အထည်ဖော်ဆောင်ရွက် နိုင်ပါစေကြောင်း တိုက်တွန်းပြောကြားရင်း လွှတ်တော် ကိုယ်စားလှယ်များအားလုံး မိမိတို့ သက်ဆိုင်ရာဒေသအသီးသီးသို့ ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ပြန်လည် ရောက်ရှိပါစေဟု ဆုမွန်ကောင်း တောင်းအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် တတိယ အကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးအောင်မြင်စွာ ကျင်းပ ပြီးစီးကြောင်း ကြေညာခဲ့ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၃၀၀ အပူဒဏ်အန္တရာယ်ကုသရေးအတွက် ဆောင်ရွက်ထားရှိ



**နေပြည်တော် ဧပြီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ ဆေးရုံကြီး ခုတင်-၃၀၀ ၌ အပူချိန် ပြင်းထန်မြင့်မားသည့် နွေရာသီကာလ အတွင်း အပူဒဏ်သင့်၍ လာရောက်ပြသ သောလူနာများကို အချိန်နှင့်တစ်ပြေးညီ ကုသမှုပေးနိုင်ရန်အတွက် လေအေး ပေးစက်များတပ်ဆင်ထားသည့် သီးသန့် အခန်းများတွင် လိုအပ်သောဆေးနှင့်ဆေး ပစ္စည်းများ ပြင်ဆင်ဖြည့်တင်းထားရှိခြင်း၊ ရေငွေ့ထုတ်ပန်ကာကြီးများ၊ ရေဇလုံကြီး များနှင့် ရေခဲသေတ္တာများ ပြင်ဆင်ထားရှိ ခြင်း၊ ဆေးရုံဝန်ထမ်းများကို အပူဒဏ်သင့် လူနာများ အရေးပေါ်ကုသမှုအတွက် စနစ်တကျ လေ့ကျင့်ထားခြင်းတို့ဖြင့် အပူဒဏ်အန္တရာယ်ကုသရေး လုပ်ငန်း များကို ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

၈-၄-၂၀၂၆

| | | | | |
|---|---|---|---|---|
| ညောင်လေးပင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဇလွန် | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ကြို့ပင်ကောက် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

လျှပ်စစ်မီတာခ သက်သာဖို့

LED ပစ္စည်း သုံးကြစို့။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း ဆုရရှိသူတစ်ဦးကိုဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုပေးအပ်ချီးမြှင့်စဉ်။




စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း ဆုရရှိသူတစ်ဦးကိုဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုပေးအပ်ချီးမြှင့်စဉ်။



စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း ဆုရရှိသူတစ်ဦးကိုဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုပေးအပ်ချီးမြှင့်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မေ ၈**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်၊ ကျောင်းများမှ ထူးချွန်ဆုရရှိခဲ့ကြသည့် အရာရှိ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ မြဝတီ၊ ငွေတာရီ၊ သုတအလင်း မဂ္ဂဇင်း အကောင်းဆုံးကာတွန်းဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆုရရှိကြသူများ၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် မြဝတီစာပေတိုက်တို့တွင် ၁၀ နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ စစ်သည်၊ ဝန်ထမ်းများကို လည်းကောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များ၊ မြဝတီစာပေတိုက်နှင့် မြဝတီသတင်းစာတိုက်တို့မှ ထူးချွန်ဆုရ အရာရှိ စစ်သည်၊ ဝန်ထမ်းများကို လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ခွင့်ပြုစာရင်း (Whitelist)ဝင် ဖုန်းများအတွက် IMEI Code တစ်ခုခုသည် Unpaid ဖြစ်နေပါက အခွန်ပေးဆောင်ရန်မလိုအပ်ပါကြောင်းနှင့် Paid ဖြစ်စေရန်ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ် အသိပေးကြေညာ

၁။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို အခွန်ပေးဆောင်ရန်မလိုဘဲ CEIR စနစ်ရှိ ခွင့်ပြုစာရင်း(Whitelist)တွင် ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်နောက်ဆုံးထားပြီး မိုဘိုင်းလက်ကိုင်ဖုန်း(Handset) ၏ SIM Slot အားလုံးတွင် SIM Card (MPT ၊ ATOM ၊ U9 ၊ Mytel)များ ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် အသိပေးကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ 1SIM+eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)နှင့် SIM1,SIM2+eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset) များရှိ SIM Slot များတွင် ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်မတိုင်မီ အနည်းဆုံး SIM Card တစ်ခုထည့်သွင်းအသုံးပြုထားပြီးဖြစ်ပါက ၎င်း Handset များသည် ခွင့်ပြုစာရင်း(Whitelist) တွင် စာရင်းထည့်သွင်းပြီးဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်နောက်ပိုင်းတွင် အဆိုပါခွင့်ပြုစာရင်း(Whitelist)ဝင် Handset များ၏ ကျန် SIM Slot များ၌ Physical SIM Card(သို့မဟုတ်) eSIM ထပ်မံထည့်သွင်းအသုံးပြုပါက IMEI Code သည် Unpaid အဖြစ်ဖော်ပြနေမည်ဖြစ်ပြီး အခွန်ပေးဆောင်ရန်တောင်းဆိုသည့်အချက်အလက်များ ဖော်ပြမည်ဖြစ်သော်လည်း ၎င်း Handset များအတွက် အခွန်ပေးဆောင်ရန် လိုအပ်မည်မဟုတ်ပါ။

၄။ ထိုသို့ ခွင့်ပြုစာရင်း(Whitelist)ဝင်ဖုန်းများတွင် IMEI Code တစ်ခုသည် Paid ဖြစ်နေသော်လည်း အခြား IMEI Code တစ်ခုသည် Unpaid ဖြစ်နေခြင်း(သို့မဟုတ်) eSIM ထည့်သွင်းအသုံးပြုချိန် IMEI Code သည် Unpaid ဖြစ်နေခြင်းတို့အတွက် CEIR စနစ်၏ အင်တာနက်စာမျက်နှာဖြစ်သော https://ceir.gov.mm တွင် Check Status ကိုနှိပ်၍ အဆင့်ဆင့်ဝင်ရောက်ပြီး အဆိုပါ Unpaid ဖြစ်နေသည့် IMEI Code နှင့် လိုအပ်သည့်အချက်အလက်များ ထည့်သွင်းပေးပို့ပါက CEIR စနစ်မှ ယင်း IMEI Code ကို Paid အဖြစ် အလိုအလျောက်သတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက CEIR Call Center ၁၅၇၇ နှင့် ၁၇၅၅ သို့လည်းကောင်း၊ တွေ့ဆုံမေးမြန်းလိုပါက CEIR စနစ်ပိုင်းဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့ (CEIR One Stop Service-OSS) (အကောက်ခွန်ဦးစီးဌာန အမှတ် ၁၃၂ ကမ်းနားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့)နှင့် (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး – ၅ လမ်း ၆၀၊ ၁၀၁ (A)လမ်းနှင့် ၁၀၂ လမ်းကြား မြို့သစ် (၁) ရပ်ကွက် ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့)တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

## ၂၀၂၆ ခုနှစ် မေ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၁၅ ကြိမ်မြောက် စုပေါင်းဒုလ္လဘ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပ





အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၁၅ ကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာပွဲကျင်းပစဉ်။

**နေပြည်တော် ဧပြီ ၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၁၅ ကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပွဲကို ဧပြီ ၇ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၌ကျင်းပပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရဟန်းခံရှင်ပြုအလှူမင်္ဂလာနေ့ရက်ဖြစ်သည့် ဧပြီ ၇ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် အားကစားခန်းမရှေ့ စုရပ်မှ ရဟန်း ၃၇ ပါး၊ သာမဏေ ၂၁ ပါးနှင့် သီလရှင် နှစ်ပါးတို့ကို တောင်ကြီးမြို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း စူဠာမုနိလောကချမ်းသာစေတီတော်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး စဝ်စံထွန်းရပ်ကွက် မင်္ဂလာဂူဝိပဿနာစာသင်တိုက်၌ ဆံချမင်္ဂလာနှင့် သင်္ကန်းတောင်းခြင်း၊ သင်္ကန်းဝတ်ခြင်း (ပဗ္ဗဇ္ဇမင်္ဂလာ) အစီအစဉ်အတိုင်း ဆောင်ရွက်ကာ ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် သာသနာ့အမွေခံယူစေပြီး သာမဏေဘဝမှ ရဟန်းဘောင်သို့ သိမ်ဝင်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် တိုင်းမှူးနှင့်အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စေတနာရှင်အလှူရှင်များက ရဟန်း၊ သာမဏေများအား သိမ်ဆင်းလောင်းလှူခဲ့ကြသည်။ ထို့နောက် အလှူတော်မင်္ဂလာ ရေစက်ချတရားနာယူခြင်း အခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စဝ်စံထွန်းရပ်ကွက် မင်္ဂလာဂူကျောင်း ဆရာတော်ဘဒ္ဒန္တစန္ဒာသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တနာယကထံမှ အနုမောဒနာနှင့် ရေစက်ချ တရားများနာယူကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကွမ်းခြံကုန်းမြို့နယ် တော်ကလိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ကလိပ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၅၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၈-၄-၂၀၂၆ ရက် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၃၁၈,၀၃၇.၂၀ | ၄,၄၅၄,၂၅၄.၇၀ | ၃၀,၄၇၃,၃၁၈.၅၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၃,၃၄၁,၂၄၁.၉၄ | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်းနှင့် စားသုံးကုန်စည်များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၅ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှဆောက်လုပ်ရေးကဏ္ဍသို့ ထိုင်းဘတ် ၃ ဒသမ ၃၄ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီ ၁၃ ရက် (တနင်္လာနေ့)မှ ဧပြီ ၁၈ ရက် (စနေနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသား ၅၇ ဦးကို ထပ်မံဖမ်းဆီးရမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများကို ထပ်မံဖမ်းဆီးရမိသည့်နေရာပြပုံ။




**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့်တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်း ကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အတွင်း၌ အွန်လိုင်းလိမ်လည်လောင်း ကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့်တရားမဝင် ပြည်ပနိုင်ငံသား ၁၂၆ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့်သတင်းကို ထုတ်ပြန်ပြီးဖြစ်သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့ နံနက် ၇ နာရီ မိနစ် ၄၀ ခန့်တွင် အဆိုပါ ပန်ကူကျေးရွာ၏အရှေ့တောင်ဘက်မီတာ ၅၂၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသားအမျိုးသား ၁၇ ဦး၊ အမျိုးသမီးနှစ်ဦးနှင့်လာအိုနိုင်ငံသူအမျိုးသမီး တစ်ဦး၊ စုစုပေါင်းဦးရေ ၂၀ တို့ကိုလည်းကောင်း၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၇၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသားခုနစ်ဦးကိုလည်းကောင်း၊ပန်ကူကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၅၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်း ကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ကိုးဦးကိုလည်းကောင်း၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက်မီတာ ၄၅၀၀ ခန့် အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများကျူးလွန်ရာ တွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးကိုလည်းကောင်း၊ ပန်ကူ ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၃၈၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်း လိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံ သား အမျိုးသား ကိုးဦးကိုလည်းကောင်း၊ စုစုပေါင်း တရားမဝင် ပြည်ပနိုင်ငံသား အမျိုးသား ၅၄ ဦးနှင့် အမျိုးသမီး သုံးဦး တို့ကို အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများကို ထပ်မံဖမ်းဆီးရမိစဉ်။

အဆိုပါ ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများ ကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေ နှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်းလောင်း ကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိ သည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေ သည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိက ပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီး ထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။ (၅၀၁)



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အမေရိကန်နိုင်ငံ ပန်ဆယ်ဗေးနီးယားပြည်နယ် ပါရီကောင်တီတွင် တောမီးလောင်ကျွမ်းမှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး



ဝါရှင်တန် ဧပြီ ၈

အမေရိကန်နိုင်ငံ ပန်ဆယ်ဗေးနီးယားပြည်နယ် ပါရီကောင်တီတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း ပန်ဆယ်ဗေးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းမှု ဖြစ်ပေါ်နေသကဲ့သို့ အခြေခံအဆောက်အအုံတချို့ မီးလောင်ပျက်စီးခဲ့ကြောင်း၊ မီးလောင်ကျွမ်းနေသည့်လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများကို မီးသတ်တပ်ဖွဲ့ဝင်များက ဦးစားပေးငြိမ်းသတ်ပေးနေကြောင်း သိရသည်။

"ပါရီကောင်တီမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးကို ငြိမ်းသတ်ပေးဖို့ ကြိုးစားပေးရင်း မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းနေတဲ့ လူနေအိမ်တွေနဲ့ အခြေခံအဆောက်အအုံတွေမှာ မီးငြိမ်းသတ်ပေးဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ထားပါတယ်"ဟု ပန်ဆယ်ဗေးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အန်ဂိုလာနိုင်ငံ လူအန်ဒါမြို့တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၉ ဦးထိ ရှိလာ

လူအန်ဒါ ဧပြီ ၈

အန်ဂိုလာနိုင်ငံ လူအန်ဒါမြို့တွင် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၉ ဦးထိရှိလာကြောင်း အန်ဂိုလာအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြား ရှိနေသကဲ့သို့ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသူ ၃၄၀၀၀ ကျော်ရှိနေကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟာလိုမြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေပြီး ဟာလိုမြစ်ကို သွယ်တန်းထားသော ဗီလာတံတားပျက်စီးခဲ့ကြောင်း၊ ဗီလာတံတားပျက်စီးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများလည်း ဖြစ်ပေါ်နေသကဲ့သို့ ဘန်ဂွေလာစီရင်စုနှင့် ဟွမ်ဘိုစီရင်စုတို့တွင် လမ်းကြောင်းပိတ်ဆို့မှု ဖြစ်ပေါ်နေကြောင်း၊ ရေဘေးဒဏ်သင့် ဒေသများတွင် နေထိုင်သည့်ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူအန်ဒါမြို့မှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ ဟာလိုမြစ်ရေ လျှံတက်မှုကြောင့် ရေကြီးရေလျှံမှုဟာ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူလူဦးရေ ၂၉ ဦးထက် မနည်းရှိနေပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေလဲ ရှိနေတယ်။ ဟာလိုတံတားကို သွယ်တန်းတည်ဆောက်ထားတဲ့ ဗီလာတံတားလဲ ပျက်စီးခဲ့တယ်။ ဗီလာတံတားဟာ လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကကျတဲ့တံတားဖြစ်ပါတယ်။ တံတားပျက်စီးသွားတဲ့အတွက် လူအန်ဒါမြို့ဝင်လမ်း၊ ထွက်လမ်း ပိတ်ထားရပါတယ်။ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ ဒေသခံ ၃၄၀၀၀ ကျော်ထိရှိနေပါတယ်"ဟု အန်ဂိုလာ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် သဘာဝဘေးသတိပေးချက်များ ထုတ်ပြန်ထား

ပေကျင်း ဧပြီ ၈

တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ခြေ မြင့်တက်လာသဖြင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း တရုတ်နိုင်ငံ အမျိုးသားမိုးလေဝသဌာန၏ ယနေ့ ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါသတိပေးချက်အရ နိုင်ငံ၏ တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး အချို့ဒေသများတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှု အန္တရာယ်များလည်း ဖြစ်ပေါ်နိုင်ကြောင်း၊ အထူးသဖြင့် ယန်စီမြစ် တောင်ဘက်ဒေသများ၊ ကွမ်ဒေါင်း၊ ကွမ်ရှီနှင့် ဖူးကျန့်ပြည်နယ်များတွင် မိုးရေချိန် မြင့်တက်လာနေကြောင်း၊ နိုင်ငံ၏ မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်း ဒေသများတွင် လေပြင်းတိုက်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နေပြီး အချို့နေရာများတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀ ကျော်ထိ တိုက်ခတ်နေသည်ဟု မိုးလေဝသ ပညာရှင်များက သတိပေးထားကြောင်း သိရသည်။



အဆိုပါ လေပြင်းများကြောင့် သစ်ပင်များကျိုးပဲ့ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းနှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

အာဏာပိုင်များက အန္တရာယ်ဖြစ်ပေါ်နိုင်သည့် ဒေသများတွင် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များကို အဆင်သင့်ထားရှိထားပြီး ရေကြီးမှုနှင့် မြေပြိုမှုအန္တရာယ်ရှိသည့် တောင်တန်းဒေသများ၊ မြစ်ဝှမ်းများနှင့် မြေနိမ့်ဒေသများတွင် နေထိုင်သူများကို ယာယီ ရွှေ့ပြောင်းနေထိုင်ရန် သတိပေးထားကြောင်း၊ ထို့ပြင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအပေါ် သက်ရောက်မှုရှိနိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေး၊ လေကြောင်းခရီးစဉ်များနှင့် ရထားခရီးစဉ်များတွင် နှောင့်နှေးမှုများဖြစ်ပေါ်နိုင်ကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုတင်အသိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူဦးရေ ၁၁၀ ထိရှိလာပြီး ၁၆၀ ဒဏ်ရာရရှိခဲ့

ကဘူးလ် ဧပြီ ၈

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေ ၁၁၀ ထိရှိလာကာ ဒဏ်ရာရရှိသူဦးရေ ၁၆၀ ရှိကြောင်း အာဖဂန်နစ္စတန် အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်(ANDMA)က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် အိမ်ခြေ ၅၀၀၀ခန့် ထိခိုက်ပျက်စီးခဲ့သည့်အပြင် ရေကြီးမှုကြောင့် လမ်းများလည်းပျက်စီးခဲ့ပြီး လယ်ယာမြေ ၁၅၅၆ ဧက ရေလွှမ်းမိုးခံခဲ့ရကာ ရေမြောင်းများနှင့် ဆည်မြောင်းစနစ်များလည်း ပျက်စီးခဲ့သည်။

အာဏာပိုင်များက ပြည်နယ်ဌာနများမှတစ်ဆင့် အရေးပေါ်အကူအညီများပေးပို့ခဲ့ပြီး နောက်ထပ် အသက်ဆုံးရှုံးမှုများနှင့် ပစ္စည်းဆုံးရှုံးမှုများကို ရှောင်ရှားနိုင်ရန် ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသောနေရာများနှင့် မြစ်ကမ်းပါးများမှဝေးဝေးနေကြရန် ဒေသခံများကို သတိပေးထားသည်။

လက်ရှိတွင် ကူညီကယ်ဆယ်ရေးနှင့် ပရဟိတအဖွဲ့များသည် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်း၍ ရေကြီးရေလျှံမှုဒဏ်ခံရသော နေရာများ၏ ပျက်စီးဆုံးရှုံးမှုများကို စိစစ်ဆောင်ရွက်လျက်ရှိသည်။

အာဖဂန်နစ္စတန် မိုးလေဝသအာဏာပိုင်များက လာမည့်ရက်များအတွင်း မိုးရွာသွန်းမှု ထပ်မံဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းချက်အသစ်များထုတ်ပြန်ခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ရေကြီးရေလျှံမှု ထပ်မံဖြစ်ပွားနိုင်ခြေ မြင့်တက်နေကြောင်း သတိပေးထားသည်။

Ref : Sputnik News
Trs : KZ

# မလေးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကို တားဆီးရန်နှင့် ရေပေးဝေမှုကို ပြန်လည်ဖြည့်တင်းရန် လူလုပ်မိုးဖန်တီးခြင်းကို အကောင်အထည်ဖော်မည်

ကွာလာလမ်ပူ ဧပြီ ၈

မလေးရှားနိုင်ငံသည် အပူချိန် မြင့်မားမှုကြောင့် တောမီးလောင်မှု အန္တရာယ်ကို လျှော့ချရန်နှင့် မဟာဗျူဟာမြောက် ရေကာတာများအပြားတွင် ရေမျက်နှာပြင်ကို ပြန်လည်ဖြည့်တင်းရန်အတွက် လူလုပ်မိုး ဖန်တီးခြင်းလုပ်ငန်းကို ဒုတိယပတ်အတွင်း အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိ နိုင်ငံတစ်ဝန်းရှိ ဒေသတချို့တွင် နေ့စဉ်အမြင့်ဆုံးအပူချိန်သည် ၃၇ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်နေပြီး အပူလှိုင်းကြောင့် အပူဒဏ်ကို တုံ့ပြန်သည့်အနေဖြင့် လူလုပ်မိုး ဖန်တီးခြင်းလုပ်ငန်းကို ယခုအပတ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ လူလုပ်မိုးဖန်တီးခြင်း လုပ်ငန်းကို မလေးရှား မိုးလေဝသဌာနမှ အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီနှင့် တော်ဝင်မလေးရှားလေတပ်တို့ပူးပေါင်း၍ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ထိုလုပ်ငန်းစဉ်၏ အဓိကရည်ရွယ်ချက်မှာ ရေပေးဝေရေးအတွက် အဓိကကျသည့် ရေကာတာများတွင် ရေမျက်နှာပြင်ကျဆင်းမှုကို ပြန်လည်မြှင့်တင်ရန်၊ သစ်တောနှင့် မြက်ခင်းပြင် မီးလောင်ကျွမ်းမှု အန္တရာယ်ကို လျှော့ချရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖော်ဆောင်ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်သည် ဂေဟစနစ်အတွက် လိုအပ်သော အစိုဓာတ်ကိုပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် မလေးရှားအာဏာပိုင်များက လေထုအရည်အသွေးနှင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းရန်အတွက် ရေကို စနစ်တကျအသုံးပြုရန် ပြည်သူလူထုကို တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**




**ပြီး ၆ ရက်မှအဆက်**

အဘိုးနဲ့ အဘွား အိမ်ထောင်ကျတော့ အဘိုးက အသက် ၃၀ တဲ့။ အဘွားက ၂၅ နှစ်။ အဘိုးက ငယ်ငယ်က လူချောဆိုပဲ။ ချောလွန်း ခန့်လွန်းလို့ အပျိုတွေ ဝိုင်းဝိုင်းလည်နေတာပဲတဲ့။ ဟုတ်မယ်။ အဘိုးငယ်ငယ်က ရိုက်ထားတဲ့ ဓာတ်ပုံကို ကြည့်ရင် အဘိုးက သူတို့ခေတ် စူပါစတားဖြစ်တဲ့ ရုပ်ရှင်မင်းသား ခင်မောင်ရင်လိုရုပ်မျိုး။ ဘလေဇာကုတ် အင်္ကျီ၊ မျက်မှန်အဝိုင်းနဲ့ တယောပေါ် မေးတင်ပြီး တယောထိုးနေတဲ့ အဘိုးရဲ့ ရောင်စုံဓာတ်ပုံဟာ အဘိုးတို့ခေတ်က အပျိုတွေ ရင်ခုန်မယ်ဆိုရင် ရင်ခုန်စရာပါပဲ။

အဘိုးတို့ခေတ်မှာလဲ ရောင်စုံဓာတ်ပုံရှိပါတယ်။ ဒါပေမဲ့ ခုခေတ်လို သဘာဝအရောင်အတိုင်း ထွက်တဲ့ ပုံမျိုးတော့ မဟုတ်ဘူးပေါ့။ အဖြူ အမည်း ပုံပေါ်မှာ ဓာတ်ပုံဆရာက လက်စွမ်းပြ ဆေးရောင်ခြယ်ပေးထားတာပါ။

အဘွားကတော့ အဘိုးလောက် မချောဘူး။ အဘိုးလောက်လဲ အသားမဖြူဘူး။ မျက်နှာကျက ယောကျ်ားနည်းနည်းဆန်တယ်။ အဘွားရဲ့ အပေါ်နှုတ်ခမ်း ညာဘက်ထောင့်က မှဲ့လေးတစ်လုံးကြောင့်သာ အဘွားမျက်နှာက ဆွဲဆောင်မှု ရှိနေတာပါ။ ဒါပေမဲ့ အဘွားရဲ့မျက်လုံးတွေကတော့ ထူးထူးခြားခြား စူးရှပြီးတောက်ပနေပါတယ်။

အဘိုးနဲ့ အဘွား ယူခါစက အဘွားကအဘိုးကို သိပ်ချစ်ပြီး သိပ်အလိုလိုက်ခဲ့တယ်လို့ ဘွားလေးထွေးက ပြောပြပါတယ်။ သူ့ယောကျ်ား လူချော လူခန့်ကို အရိပ်တကြည့်ကြည့်နဲ့ကို နေတာတဲ့။ အဘွားတို့ဘက်က ကုန်သည်မျိုးရိုးဆိုတော့ ပိုက်ဆံရှိတယ်။ အဘွားတို့ အိမ်ထောင်ကျတော့ အဘွားမိဘတွေက အဘွားကို လက်ဝတ်လက်စား အပြည့်အစုံအပြင် လုပ်ကိုင်စားသောက်ဖို့ လက်ခွဲသနပ်ဖက်ပွဲရုံကိုတောင် လက်ဖွဲ့ခဲ့တာတဲ့။ အောက်ထပ် ပွဲရုံ၊ အပေါ်ထပ် လူနေပေါ့။

အဲဒီပွဲရုံလုပ်ငန်းကို အဘွားကပဲ ဦးစီးလုပ်ကိုင်တာပါပဲ။ အဘိုးကတော့ အလုပ်ထဲ သိပ်စိတ်မဝင်စားလှဘူးတဲ့။ သူ စိတ်ဝင်စားတာက ဂီတ။ သူ့ဂီတရောင်းရင်းတွေနဲ့ သီချင်းလေးဆိုလိုက်၊ သီချင်းလေးရေးလိုက်၊ တယောလေးထိုးလိုက်နဲ့ နေတာများတယ်တဲ့။ အဘိုးခေါင်းဆောင်ပြီး တူရိယာဝိုင်းလေး တစ်ဝိုင်းတောင် ထောင်ထားသေးတာတဲ့။ အလှူပွဲ၊ မင်္ဂလာပွဲတွေမှာ လိုက်ဆိုကြ၊ တီးကြတာတဲ့။ အပျော်တမ်းအဖွဲ့ဆိုတော့ အခကြေးငွေရယ် ဘာရယ် ရေရေရာရာ ရတာမဟုတ်ပါဘူးတဲ့။ အဘိုးတို့ကလဲ ဆိုနေ၊ တီးနေရတာကိုပဲ ပျော်နေခဲ့ကြတာတဲ့။

ဒီတော့ ပွဲရုံအပေါ်ထပ်က ဧည့်ခန်းကျယ်ကြီးမှာ အဘိုးရဲ့ ဂီတ မိတ်ဆွေတွေနဲ့ အမြဲလိုလို စည်ကားနေတတ်တယ်တဲ့။

အိမ်ထောင်ဦးစီးဖြစ်တဲ့ အဘိုးက အိမ်ရဲ့စီးပွားရေးအလုပ်ကို စိတ်မဝင်စားဘဲ သူဝါသနာပါတဲ့ ဂီတအလုပ်ပဲ လုပ်နေတာကို အဘွားက လုံးဝမငြိုငြင်ဘူးတဲ့။ နောက်ပြီး အဘိုးက အရက်လေးတမြမြ သောက်တတ်တာနဲ့ ပတ်သက်လို့လဲ ခွင့်လွှတ်ကြည်ဖြူသတဲ့။ အဘိုးကို သိပ်ချစ်တော့ အဘိုးပျော်ရင် သူ ပျော်နေတာကိုး။

တစ်နေရာရာမှာ အလှူပွဲ၊ မင်္ဂလာပွဲရှိလို့ အပေါ်ထပ်မှာ အချိန်မရှိအချိန်ရှိ တီးကြမှုတ်ကြ၊ သီချင်းတိုက်ကြရင် အဲဒီအဖွဲ့သားတွေ စားဖို့သောက်ဖို့တောင် အဘွားက လိုလေသေးမရှိ စီစဉ်ပေးသေးတာတဲ့။

ပွဲနေ့ရောက်ရင်လဲ တယောထိုးမဲ့အဘိုးကို ကြော့နေအောင်ဆင်ပေးသတဲ့။ အဘိုးမှာ ဇန်ကောက်ပုဆိုးဆိုလဲရောင်စုံ၊ ပိုးတိုက်ပုံဆိုလဲရောင်စုံ။ ဘလေဇာကုတ်အင်္ကျီကို ရန်ကုန်လူကြုံနဲ့ တကူးတကမှာပြီး ဆင်တာဆိုတော့ အဘိုးလောက်ကံကောင်းတဲ့ ယောကျ်ား လောကမှာ ဘယ်ရှိတော့မှာလဲ။

အဘွားကတော့ ပွဲရုံအလုပ်တစ်ဖက်၊ ကလေးတာဝန်တစ်ဖက်၊ မီးဖိုချောင် စီမံရတာတစ်ဖက်ဆိုတော့ သူ့ကိုယ်သူကျတော့ အလှတောင် မပြင်နိုင်ဘူးတဲ့။ အမှန်တော့ အိမ်မှာ အကူမိန်းကလေးတွေ နှစ်ဦး၊ သုံးဦး အမြဲလိုလို ရှိနေတာကို အဘွားက ဘယ်သူ့ကိုမှ မျက်နှာမလွှဲချင်ဘူးလေ။ သူကိုယ်တိုင် စီမံခန့်ခွဲရမှ စိတ်တိုင်းကျတာဆိုတော့ အဘွားပဲ ပိုပင်ပန်းတာပေါ့။

ဒီလိုနဲ့ အဘိုးနဲ့ အဘွား ကလေးလေးယောက်ရခဲ့ပြီး အငယ်ဆုံးသမီး ကျွန်မရဲ့ဒေါ်လေးငယ် အခါလည်မှာ အဘိုးက သူတို့တီးဝိုင်းထဲက သီချင်းဆိုတဲ့အဆိုတော်မလေးကို ခိုးပြေးသွားပါလေရောတဲ့။ ကောင်မကလေးက အဘိုးအသက် ထက်ဝက်လောက်ပဲရှိတာတဲ့။

အဘွားခမျာ ရင်ကွဲပက်လက်ဖြစ်ရတာပေါ့။ ယောကျ်ားကို ဒီလောက်ချစ်၊ ဒီလောက်အလိုလိုက်၊ ဒီလောက်တာဝန်ကျေပါလျက်နဲ့ သူ့အပေါ် သစ္စာဖောက်၊ ရက်စက်သွားတာဆိုတော့ သူဘယ်လောက်ခံစားရမလဲ စဉ်းစားကြည့်ပေါ့လေ။ ရှက်လဲရှက်၊ ဒေါသလဲထွက်၊ ဝမ်းလဲနည်း၊ နာလဲနာကြည်းနဲ့ အဘွားအိပ်ရာထဲ ဗုန်းဗုန်းလဲတော့တာပါပဲ။

ဒါပေမဲ့ အဘွားက ထက်မြက်တယ်၊ ခေါင်းမာတယ်၊ စိတ်ဓာတ်ကြံ့ခိုင်တယ်၊ အိပ်ရာထဲ ကြာကြာမနေဘူး။ သူသိပ်ခံစားရလွန်းလို့၊ မတတ်သာလွန်းလို့ အခန်းအောင်းခဲ့ပေမဲ့ တစ်လလောက်နေတော့ ပြန်ထွက်လာတယ်။ သူ့ကိုယ်သူ ပြန်ထူမတ်တယ်။ ဘာမှမဖြစ်ခဲ့သလို အလုပ်တွေကို ဟန်မပျက် ပြန်လုပ်တယ်။ သိပ်ချီးကျူးစရာကောင်းတဲ့ အဘွားပါပဲ။

စိတ်ဓာတ်ပျော့ညံ့တဲ့ အဘိုးကတော့ သူ့အဆိုတော်မလေးနဲ့ တစ်နှစ်လောက်ပေါင်းတယ်။ ဘာအလုပ်မှမလုပ်ဘဲ အဘိုးပါသွားတဲ့ ငွေနဲ့ထိုင်စားကြတယ်။ အဘိုးရဲ့ငွေရယ်၊ စိန်လက်စွပ်ရယ်၊ စိန်ရုပ်ကြယ်သီးရယ် ကုန်တော့ ကောင်မကလေးက အဘိုးကို စွန့်ခွာသွားတယ်။

အဘိုးမှာလဲ သူ့အပြစ်နဲ့သူဆိုတော့ လူရှေ့လဲ မထွက်ဝံ့၊ အလုပ်အကိုင်လဲမရှိ၊ ဒီကြားထဲ နေကလဲ မကောင်းတော့ သူ့ဂီတရောင်းရင်းတစ်ယောက် အိမ်မှာပဲ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ ခိုကပ်နေရတယ်။

အဲဒီအိမ်မှာ တစ်နှစ်လောက်နေပြီးမှ အဖေတို့ မောင်နှမတစ်တွေက အဘိုးကို ပြန်ခေါ်ဖို့ ပူဆာလို့ အဘွားက အဘိုးကို လူလွှတ်ပြီးပြန်ခေါ်ခိုင်းလိုက်တယ်။

အဘိုးလဲ ရှက်ရှက်ရွံ့ရွံ့ ညှိုးညှိုးငယ်ငယ်နဲ့ ပြန်လိုက်လာပါတယ်။ ပြီးတော့ အဘွားခြေရင်းမှာ ထိုင်ပြီး ရှိုက်ကြီးတငင် ငိုတောင်းပန်ပါတယ်။

အဘွားက အဘိုးမျက်နှာကို တစ်ချက်မှ မကြည့်ဘူး။ တစ်ဖက်လှည့်ပြီး စကားပြောတယ်။

"ဒီမယ် ကိုကောင်းဇံ၊ ရှင် တောင်းပန်မနေနဲ့။ ရှင့်ကို ကျွန်မ ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်လို့ ရှင် တောင်းပန်လဲ အပိုပဲ။ အခု ကျွန်မ ရှင့်ကို ပြန်ခေါ်တာ မေတ္တာရှိလို့၊ ပြန်ပေါင်းချင်လို့ ခေါ်တာ မဟုတ်ဘူးနော်။ ရှင် ဒုက္ခရောက်နေတဲ့အတွက် သနားလို့လဲ မဟုတ်ဘူး။ ကျွန်မရှင့်ကို ပြန်ခေါ်တာ ကလေးတွေ ပူဆာလွန်းလို့ ပြန်ခေါ်တာ၊ ကလေးတွေ မျက်နှာထောက်ထားပြီး ကလေးတွေ စိတ်ချမ်းသာစေချင်လို့ပြန်ခေါ်တာ။ အဲဒါကို ရှင်းရှင်းလင်းလင်း ရှင် သိထားပါ။ နောက် အရေးကြီးတာတစ်ခု ပြောရအုံးမယ်။ ရှင် ဘာအကြောင်းနဲ့မှ အိမ်အပေါ်ထပ်ကို တက်မလာပါနဲ့။ ရှင့်ဗုံတွေ၊ ဆိုင်းတွေ၊ တယောတွေ၊ မယ်ဒလင်တွေ ကျွန်မ အကုန်လွှင့်ပစ်လိုက်ပြီ။ အပေါ်ထပ်မှာ ရှင်နဲ့ပတ်သက်တာ ဘာဆိုဘာမှမရှိတော့ဘူး။ ဟော ဟိုအခန်းက ရှင့်အခန်း။ ရှင့်အခန်းထဲမှာ ရှင့်အဝတ်အစားတွေ ရှိတယ်။ ရှင့်အတွက် နေရာဟာ အောက်ထပ်ပဲ"

အဘွားရဲ့စကားတွေက တော်တော်ပြင်းထန်တယ်။ ယောကျ်ားတစ်ယောက်ရဲ့ မာနကို တော်တော်ထိခိုက်စေတဲ့ စကားလုံးတွေပဲ။ ဒါပေမဲ့ အဘိုးက ခေါင်းငုံ့ခံတယ်။ သူက အပြစ်လုပ်ခဲ့တဲ့ လူကိုး။

"ကောင်းပါပြီ မလေးမယ်၊ မင်းပြောတဲ့ စကားတွေက နာမယ်ဆိုရင် တော်တော်နာစရာကောင်းတဲ့ စကားတွေပါ။ ဒါပေမဲ့ ကိစ္စမရှိဘူး။ မင်း ပြောချင်သလို ပြော၊ ငါ ခံမယ်။ မင်း ထားသလို ငါနေမယ်။ မင်း ဖြစ်စေချင်သလို ငါ ကြိုးစားမယ်။ မင်း ခွင့်လွှတ်လာတဲ့အထိ ငါ့ကိုယ် ငါ ပြင်မယ်"

အဲဒီအချိန်မှာ အဘိုးက အသက် ၅၀ ရှိပြီ။ အဘွားက ၄၅ နှစ်တဲ့။ ကျွန်မအဖေက ၁၈ နှစ်သားရှိသေးတာတဲ့။ ကျွန်မကတော့ လူ့လောကထဲ ဘယ်ရောက်အုံးမှာလဲ။ ကျွန်မ မမွေးခင်က ကိစ္စတွေပေါ့။

အဖေက အသက် ၂၆ နှစ်မှာ အမေနဲ့ အိမ်ထောင်ကျပြီး နောက်တစ်နှစ်မှာ ကျွန်မကို မွေးပါတယ်။ ကျွန်မ လူမှန်းသိလို့ စကားပြောတတ်ကတည်းက တစ်ယောက်နဲ့တစ်ယောက် စကားမပြောကြတဲ့ အဘိုးနဲ့အဘွားကြား ပုဏ္ဏားတိုင်လုပ်ပြီး စကားပြန်လုပ်ပေးရတာကိုပဲ မှတ်မိနေတော့တယ်။

အဘိုး အိမ်ပေါ်ပြန်ရောက်လာတော့ အချိုးတွေလဲ ပြောင်းသွားတယ်တဲ့။ အရင်က သူ စိတ်မဝင်စားခဲ့တဲ့ ပွဲရုံအလုပ်ကိုလဲ စိတ်ဝင်တစား လုပ်လာတယ်တဲ့။ အဘွားကို တတ်နိုင်သလောက် ကူညီသတဲ့။ အဆုံးအဖြတ်ပေးတာနဲ့ ငွေကိုင်တာကတော့ အဘွားပေါ့။ နောက်ပြီး သူ တစ်ချိန်က မွေ့လျော်ခဲ့တဲ့ ဂီတအနုပညာဘက် လုံးဝဦးမလှည့်တော့ဘူးတဲ့။ အိမ်က ဓာတ်စက်တောင် ဖွင့်နားမထောင်ဘူးတဲ့။ ပြီးတော့ သူကြိုက်ပြီး တစိမ့်စိမ့်သောက်ခဲ့တဲ့ ယမကာကိုလဲ ဖြတ်ပစ်လိုက်တယ်။ ဆေးလိပ်၊ ကွမ်းတောင် ယောင်လို့မတို့ဘူး။ သူ့အပြစ်ကို ကြိုးစားပြီး ဆေးကြောရှာပါတယ်။

သူ ဘယ်လိုပဲ အဘွားကြိုက်အောင်နေနေ အဘွားကတော့ တင်းတင်းပဲ။ ဝတ္တရားအရ လုပ်ပေးစရာရှိ လုပ်ပေးပေမဲ့ မျက်နှာသာလဲ မပေးဘူး။ စကားလဲ မပြောဘူး။ ပြောစရာရှိရင် ကြားလူက တစ်ဆင့်ပေါ့။

ကျွန်မ ရန်ကုန်တက္ကသိုလ် ကျောင်းလာတက်တော့ အဘိုးနဲ့အဘွားအကြောင်း သူငယ်ချင်းတွေကို ပြောပြတဲ့အခါ သူတို့ တော်တော်အံ့သြကြတယ်။

"တကယ်လားဟယ်"

"အဲဒါပေါ့ဟ၊ အချစ်ကြီးလို့ အမုန်းကြီးတယ်ဆိုတာ" လို့ ဝတ္ထုတွေ စမ်းရေးနေတဲ့ စာရေးဆရာမ အလောင်းအလျာ သူငယ်ချင်းကလဲ နှစ်ထောင်းအားရ ဝင်ပြောတယ်။

"ငါ တစ်ခါတစ်ခါ စိတ်ပူမိတယ်။ အိမ်မှာ လူများပြီး ပွဲမစည်ဘူးဟ။ အဘိုးနဲ့ အဘွားရဲ့အထာကို ဘယ်သူမှ ငါ့လောက်မသိဘူး။ အဘိုးနဲ့ အဘွား စကားပြောစရာရှိရင် ဒုက္ခပဲ။ ဘယ်လိုလုပ်ကြမလဲ မသိဘူး"

"အဲဒါ ကောင်းတာပေါ့ ဟဲ့။ ကြားထဲက ပြောပေးမဲ့လူ မရှိမှ နင့်အဘိုးနဲ့အဘွား မဖြစ်မနေ ပြန်ခေါ်ဖြစ်မှာပေါ့"

"ငါတော့ ဒီလို မထင်ဘူးဟာ။ အဘွားအကြောင်း ငါ အသိဆုံး။ အခု အဘိုးနဲ့အဘွားအနား ကျန်ခဲ့တဲ့ ငါ့ညီမဝမ်းကွဲ တိုးတိုးက စကားနည်းနည်းရယ်။ အဆင်မှပြေပါ့မလား မသိဘူး"

ကျွန်မက စိတ်ပူတာနဲ့ ညီမ တိုးတိုးဆီ စာရေးပြီး မေးမြန်းတဲ့အခါ တိုးတိုးဆီက စာပြန်လာပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာ့ကြေးတူရိယာ လင်းကွင်း

**ကိုကျော်စွာ(ကျိုက်ပိ)**

လင်းကွင်း သို့မဟုတ် ယကွင်း၊ တချို့က ခွက်ခွင်းဟုခေါ်ကြသော်လည်း လင်ကွင်းဟုသာ အခေါ်များကြသည်။ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူသော တူရိယာငါးမျိုးတွင် ကြေးဖြင့် ပြုလုပ်သော တူရိယာဖြစ်သည်။ တစ်နည်းအားဖြင့် လင်းကွင်း ဆိုသည်မှာအလယ်တွင် အခွက်သို့မဟုတ် ခွက်ခွင်းပါသော ကြေးပြားနှစ်ခုကို မျက်နှာချင်းဆိုင် အပ်၍ တီးခတ်ရသော ကြေးတူရိယာမျိုးဖြစ်သည်။ ရှေးအခါက လင်းကွင်းကို "ခွက်ခွင်း"ဟုခေါ်သည်။ သက္ကရာဇ် ၅၅၂ ခုနှစ်တွင် ရေးထိုးသော တောင်ဂူနီ ဘုရားကျောက်စာတွင် "ခွက်ခွင်းသည်"ဟု ရေးထိုးခဲ့ ကြောင်းသိရသည်။ လင်းကွင်းပြုလုပ်ရာတွင် ကြေးနီ ကို စင်ကာပူခဲနှင့်ရောစပ်ပြုလုပ်ထားသည်။ ကြေးကို ခွက်ခွက်ခွင်းခွင်းနှုတ်ခမ်းတွင် အနားနှင့်ပြုလုပ်ထား သည်။ ၎င်းကိုလင်းကွင်းရွက်ဟုခေါ်သည်။ ခွက်ခွင်း ကိုပင် ပညာသည်တို့က လင်းကွင်း၏အုံဟု ခေါ်ဆိုကြ သေးသည်။ ထိုအုံ၏အထက်အလယ်ဗဟို၌ အပေါက် ငယ်ဖောက်၍ ကြိုးတပ်ကာ လင်းကွင်းနှစ်ခု(တစ်စုံ) ကို ဘယ်ညာကိုင်ပြီး ဟပ်၍တီးရသည်။

**လင်းကွင်း၏မူလအစ**

လင်းကွင်း၏မူလအစကိုပြောရမည်ဆိုလျှင် ဘီစီ ၁၂၀၀ ဝန်းကျင် အာရှမိုင်းနား၏ ရှေးခေတ်ယဉ်ကျေး မှုများတွင်စတင်ခဲ့ပြီး ကြေးဝါပညာကို ကျွမ်းကျင် သော လက်သမားဆရာများက ပါးလွှာပြီး ပဲ့တင်ထပ် သော သတ္တုတူရိယာများကို ဖန်တီးနိုင်စေသည့် ရှုပ်ထွေးသော အသံပိုင်းဆိုင်ရာဖြစ်စဉ်များကို ဖန်တီး နိုင်ခဲ့ကြသည်။ အာရှရိ၊ ဗာဗုလုန်နှင့်အီဂျစ်တို့အပါ အဝင် ရှေးခေတ်အရှေ့အနီးတစ်ဝိုက်တွင် အလားတူ တူရိယာများဖြစ်ထွန်းလာသော်လည်း ယခုမျက် မှောက်ခေတ်တူကီယဲရှိဟိတ္တိယဉ်ကျေးမှုမှ အစော ဆုံးသောလင်းကွင်းများ ထွက်ပေါ်လာကြောင်း ရှေးဟောင်းသုတေသန အထောက်အထားများ တွင်တွေ့ရသည်။ အီဂျစ်လင်းကွင်းများသည် ပုံမှန် အားဖြင့် သေးငယ်ပြီးအထူရှိသည်။ ရှေးခေတ်က စစ်ရေးအရသိမ်းပိုက်ခြင်း၊ ကုန်သွယ်မှုနှင့်ယဉ်ကျေးမှု ဖလှယ်ခြင်းများမှတဆင့် လင်းကွင်းများပျံ့နှံ့ခဲ့သည်။ ဂရိနှင့်ရောမယဉ်ကျေးမှုများသည် ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအတွက် လင်းကွင်းဒီဇိုင်းများကို လက်ခံကျင့်သုံးကြပြီး အဆိုပါတူရိယာများကို စစ်တီးဝိုင်းများ၊ ဘာသာရေးအခမ်းအနားများတွင် အသုံးပြုခဲ့ကြသည်။

**မြန်မာ့ခေတ်သမိုင်းထဲကလင်းကွင်း**

လင်းကွင်းကို မြန်မာနိုင်ငံတွင် ပျူခေတ်က တည်းက အသုံးပြုခဲ့ကြသည်။ ပျူခေတ်တီးဝိုင်းများ တွင် ဗုံတီးဝိုင်း၊ စောင်းတီးဝိုင်း၊ ညှင်းတီးဝိုင်းဟူ၍ တွေ့ရသည်။ ဗုံတီးဝိုင်းမှာ ဗုံ၊ ပလွေ၊ ခွက်ခွင်း (လင်းကွင်း-ကန်တော့ပုံသဏ္ဌာန်ရှိပြီး အလယ်အခုံး တွင်ကြိုးတပ်၍ ကြိုးစနှစ်ဖက်ကို ကိုင်တီးရသည့် ကြေးတူရိယာ)၊ လက်ချပ်ဟူသော တူရိယာများပါဝင် သည်။ ထို့ကြောင့် ခွက်ခွင်းခေါ် လင်းကွင်းတူရိယာ သည် ပျူခေတ်ကတည်းကရှိခဲ့ကြောင်း သိနိုင်သည်။ ထို့ပြင် လင်းကွင်းကို ပုဂံခေတ်စည်တီးဝိုင်းများတွင် အသုံးပြုကြောင်းလည်း သိရသည်။ ကမ္ဘောဇပန်တျာ သမိုင်းတွင်အိန္ဒိယပြည်၌ အရိယန်ခေတ် မတိုင်မီ နှစ်ပေါင်း ၁၅၀၀ ကတည်းက လင်းကွင်းကို စတင် အသုံးပြုကြောင်း မှတ်တမ်းတင်ထားသည်။ ပင်းယ ခေတ်မှာမူ ကာချင်းများ ထူးထူးခြားခြား ပေါ်ထွက် လာသဖြင့် ထိုကာချင်းများကို သီဆိုလေ့ကျင့်ရန် ကာချင်းအတီးအဖွဲ့များရှိနိုင်သည်။ မြန်မာ့တူရိယာ တို့၏ သဘောသဘာဝအရ ကာချင်းအတီးအဖွဲ့များ တွင် ဗုံ၊ ကြေး၊ မောင်း၊ နှဲ၊ တံပိုး၊ ခရာ၊ လင်းကွင်းစသည် တို့ဖြစ်သည်။ ထို့ကြောင့် လင်းကွင်းတူရိယာသည် ပင်းယခေတ်မှာလည်းအသုံးပြုကြောင်း သိနိုင်သည်။

ထိုမှတဆင့် ဒုတိယအင်းဝခေတ်အရောက်တွင် ထင်ရှားသည့်သီချင်းများပေါ်ထွက်လာခဲ့သည်။ စာဆို တော်ဂီတပညာရှင်ကြီး ဝန်ကြီးပဒေသရာဇာဖြစ် သည်။ တျာချင်းများ၊ နတ်ချင်းများ၊ ကြိုး၊ ဘွဲ့ သီချင်း များကိုရေးသားခဲ့သည်။ ထင်ရှားသောကြိုးသီချင်းမှာ "ပုစဉ်းတောင်သံကြိုး"ဖြစ်သည်။ ထိုသီချင်းများကို တီးမှုတ်ရန်အတွက်တီးဝိုင်းတွင် လင်းကွင်းပါသည်။ ထို့ကြောင်းလင်းကွင်းသည် ပျူခေတ်မှစ၍ ယနေ့ထိ ခေတ်အဆက်ဆက်တည်ရှိခဲ့သော ရှေးမြန်မာ့ တူရိယာတစ်မျိုးဖြစ်သည်။



**တူရိယာများနှင့်လင်းကွင်းတွဲသုံးပုံ**

လင်းကွင်းကို အမျိုးအစားနှစ်မျိုးတွေ့ရသည်။ "ကြေးသွန်းစည်းလင်းကွင်းနှင့် ကြေးခတ်လင်းကွင်း" တို့ဖြစ်သည်။ ကြေးခတ်လင်းကွင်းမှာ အသံစည်၍ ပြည်သောကြောင့် လူကြိုက်များသည်။ လင်းကွင်း သည် မြန်မာ့တူရိယာဝိုင်းများတွင် မပါမဖြစ်သော တူရိယာဖြစ်သည်။ ထို့ကြောင့် လင်းကွင်း၏ အရေးပါ ပုံကို"လင်းကွင်းမပါ၊ တူရိယာ၊ ဟာလာဟင်းလင်း အတီးဖျင်း"ဟုဆိုကြသည်။ သို့သော် သူ့နေရာနှင့်သူ မဟုတ်ဘဲသုံးမိပါက"ပဉ္စင်းတူရိယာ၊ နှဲခရာ၊ သာယာ ပေလျက်၊ လင်းကွင်းဖျက်"ဟူ၍လည်းကောင်း၊ "စောင်းညှင်းပတ်သာ၊ တူရိယာ၊ သာချင်ပါလျက် လင်းကွင်းဖျက်"ဟူ၍လည်းကောင်း ရေးဖွဲ့ထားရာ အဆိုပါတူရိယာများ တီးခတ်သည့်အခါ လင်းကွင်း နှင့်တွဲဖက်တီးမိပါက သာယာသောတူရိယာသံမဖြစ် သဖြင့် စောင်း၊ နှဲ၊ ညှင်း စသည့်တူရိယာများနှင့် လင်းကွင်းတွဲမတီးရပါ။ ကြေးသွန်းစည်းလင်းကွင်း သည် အချင်းလေးလက်မရှိပြီး အရွယ်ငယ်၍ "ချွင်ချွင်"မည်သည်။ ကြေးခတ်လင်းကွင်းသည် အချင်းငါးလက်မမှ အထက်ရှိသော လင်းကွင်းသည် "ချမ်းချမ်း"မည်သည်။ ကြေးခတ်လင်းကွင်းများသည် ယနေ့ဆိုင်းဝိုင်းများနှင့် အိုးစည်ဒိုးပတ်ဝိုင်းများတွင် အသုံးပြုသော လင်းကွင်းမျိုးဖြစ်သည်။ အဆိုပါ လင်းကွင်းများကို ကြေးခတ်ဖိုကြီးများတွင် ပြုလုပ် ကြသည်။ အများအားဖြင့် အချင်းငါးလက်မမှ ၁၄ လက်မထိလည်းကောင်း၊ အချင်းရှစ်လက်မမှ ၁၄ လက်မထိလည်းကောင်း ပြုလုပ်ကြသည်။ အချင်းရှစ် လက်မရှိသော လင်းကွင်းများကို အိုးစည်တူရိယာမျိုး နှင့်တွဲတီးလေ့ရှိသည်။ အိုးစည်လင်းကွင်းဟုခေါ်ကြ သည်။ အချင်း ၁၂ လက်မရှိ လင်းကွင်းကြီးများကိုမူ ပတ်မကြီးနှင့် တွဲတီးလေ့ရှိသောကြောင့် ပတ်မ လင်းကွင်းဟုခေါ်သည်။ အချင်း ၁၄ လက်မရှိသော လင်းကွင်းကိုမူ ညစည်တော်ကြီးနှင့်အတွဲများသော ကြောင့် စည်တော်ကြီးလင်းကွင်းဟုခေါ်ကြသည်။ ဆိုင်းဝိုင်းများတွင်မူ လင်းကွင်းသုံးမျိုးကိုင်သည်ဟု သိရသည်။ အကြောင်းမှာ ဆိုင်းဝိုင်းသည် တူရိယာ ပစ္စည်းစုံသောကြောင့် သင့်ရာတူရိယာနှင့်လင်းကွင်း ကို တွဲဖက်အသုံးပြုတီးခတ်နိုင်စေရန်ဖြစ်သည်။ အချင်းခုနစ်လက်မခွဲရှိသော လင်းကွင်းကို အိုးစည်နှင့်တွဲသုံးသည်။ အချင်းကိုးလက်မခွဲရှိသော လင်းကွင်းကို ဒိုးပတ်၊ စခွန့်၊ သကြံန်ဒိုး၊ လှော်ဒိုးတို့နှင့် တွဲတီးသည်။ အချင်း ၁၂ လက်မရှိ လင်းကွင်းကို ပတ်မကြီးနှင့်တွဲတီးကြသည်။

လင်းကွင်းကို ဆိုင်ရာဆိုင်ရာတူရိယာမျိုးနှင့် တွဲ တီးပါက ပို၍လိုက်ဖက်မှုရှိဟန်တူသည်။ ထို့ကြောင့် အိုးစည်တီးလင်းကွင်း၊ ဒိုးပတ်တီးလင်းကွင်း၊ စည် တော်တီးလင်းကွင်း စသည်ဖြင့်ခွဲခြားထားခြင်းဖြစ် ပေလိမ့်မည်။ နာမည်ကျော်ဆိုင်ဆရာကြီးတစ်ဦးဖြစ် သူဦးရွှေဒေါင်းမြိုင်က ပတ်မချောင်လင်းကွင်း လေးစုံ အပြင် နိုင်ငံခြားကြေးလင်ပန်းများကိုပါ တွဲသုံးသည်။ တီးချက်၊ စည်းချက်၊ တေးသွား၊ တေးဖော်များနှင့် လိုက်ဖက်ညီအောင် တီးခတ်နိုင်စေရန်ဖြစ်သည်။ ထို့ပြင် လင်းကွင်းအရွယ်အစားအလိုက် အခြားနေရာ များမှာလည်း သူ့နေရာနှင့်သူ သင့်သလိုတွဲဖက် အသုံးပြုသည်လည်း ရှိပါသေးသည်။ ယခုအခါ ကြေးကုန်သည်တို့က အမှတ်အသားပြုပြောဆို ရောင်းဝယ်ရာတွင် အချင်း ၁၆ လက်မလင်းကွင်းကို "လှေပြိုင်ပွဲ"၊ အချင်း ၁၄ လက်မကို စည်တော်ကြီး၊ အချင်း ၁၂ လက်မကို ပတ်မ၊ အချင်း ၁၁ လက်မကို အငြိမ့်နှင့်ပြော၊ အချင်း ၁၀ လက်မကို အိုးစည်၊ အချင်း ၈ လက်မကို ဗုံထောင်လင်းကွင်း စသည်ဖြင့် ခေါ်ဝေါ်ရောင်းချကြသည်။

**လင်းကွင်းအလေးချိန်နှင့်တီးခတ်ပုံ**

လင်းကွင်းသည် အချင်းလက်မပေါ်မူတည်၍ အလေးချိန်မတူပါ။ လင်းကွင်းကို အကြီး၊ အငယ်၊ အလတ် အရွယ်အစားအမျိုးမျိုးရှိကြသည်။ ဇာတ်ပွဲ၊ ရုပ်သေးပွဲနှင့်ဆိုင်းအဖွဲ့များ၌ သုံးမျိုးစလုံးကိုသုံးလေ သည်။ လင်းကွင်းများ၏ အချင်း၊ မျက်နှာဝအကျယ် နှင့်နှစ်ဖက်တစ်စုံတို့၏ အလေးချိန်မှာ အနည်းငယ် ကွာခြားမှုရှိသည်။ လင်းကွင်းကြီး၏ အချင်းမျက်နှာဝ က ၁၂ လက်မရှိလျှင် အလေးချိန်တစ်ပိဿာခန့်စီး သည်။ အချင်းမျက်နှာဝ ၁၁ လက်မရှိလျှင် အလေးချိန် ၇၅ ကျပ်သားခန့်စီးသည်။ အချင်းမျက်နှာဝအကျယ် ၉ လက်မရှိလျှင် အလေးချိန် ၅၀ ကျပ်သားစီးသည်။ မြန်မာ့တူရိယာများအနက် လင်းကွင်းတူရိယာသည် အခြားသော မယ်ဒလင်၊ တယော၊ ဂီတာ၊ စန္ဒယား ကဲ့သို့တစ်မျိုးတည်းသုံးတူရိယာမျိုးမဟုတ်ဘဲ အခြား သောတူရိယာများနှင့် ရောနှောတွဲဖက်၍ အသုံးပြုရ သောတူရိယာဖြစ်သည်။

အိုးစည်အဖွဲ့နှင့်ဆို လင်းကွင်းငယ်ဖြင့်တီး၍ လင်းကွင်းငယ်ကို အသားပေးအလှအပတီးလေ့ရှိ သည်။ အိုးစည်ဝိုင်း၌ တီးပုံမှာ အိုးစည်သမားတို့ကို အသားပေးသော "ရွှေအိုးစည် လွယ်သလေလေ" အစချီတေးသွားကို သီဆိုတီးမှုတ်ကြသောအခါ အိုးစည်သမားသည် အဆန်းတကြယ် တီထွင်တီး ကြရသကဲ့သို့"ရွှေဗျာ ရွှေဗျာဒိတ်ကယ်နဲ့၊ တံဆပ်တံ ဆိပ်ခံ"အစချီသည့်တေးသွားမျိုးကို သီဆိုတီးမှုတ် လိုက်သောအခါ လင်းကွင်းသမားသည် အဆန်း တကြယ်ဖွင့်၍၊ တစ်ဝက်ဟ၍၊ ခြမ်း၍၊ ခုပ်၍၊ ပွတ်၍၊ မြှောက်၍ အမျိုးမျိုးတီးလေ့ရှိသည်။

ထို့ပြင် လင်းကွင်းတီးရာတွင် ညာခြေကို ဘယ်ညာလက်နှစ်ဖက်ကြား ထားတီးသကဲ့သို့ ဘယ်ခြေကိုလည်း ဘယ်ညာလက်နှစ်ဖက်ကြား ထားတီးလေ့ရှိသည်။ လင်းကွင်းတီးသူကိုကြည့်၍ ဒိုးပတ်ဝိုင်းမှာ မြူးကြွလျက်ရှိသည်။ လင်းကွင်းတီး ရာတွင် လင်းကွင်း၏လက်ကိုင်ကြိုးကို ကျားမြီးကြီး များ တပ်ထားလေ့ရှိသည်။ လင်းကွင်းကိုလှပအောင် အမျိုးမျိုးပြောင်းလဲ၍တီးရာတွင် အမြီးဖျားချင်း အထက်၌ဝိုင်း၍ ဟပ်မိအောင်ဖြစ်စေ၊ လင်းကွင်း သမား၏ကိုယ်ကို အမြီးဖျားချင်းပတ်မိအောင် ဖြစ်စေ အမျိုးမျိုးကိုယ်ကိုနွှဲ၍တီးကြသည်။ လင်းကွင်း တီးရာတွင် ခွက်ခွင်းအုံချင်းအပ်၍ တီးခြင်းမှစ၍ အမျိုးမျိုးရှိရာ လင်းကွင်းနှစ်ဖက်ရိုက်ခတ်ပြီး ထားလိုက်ချင်းအားဖြင့် အသံရှိန်ကုန်အောင် အတော်ကြာကြာမြည်ဟီးနေသည်။ ၎င်းကိုဖွင့်၍ တီးခြင်းဟုခေါ်သည်။ ထို့ပြင် လင်းကွင်းကို နှစ်ဖက်ရိုက်ခတ်ပြီး ဖွင့်မတီးဘဲ "ဂျိ"ဟု မြည်အောင် ခွက်ခွင်းနှစ်ခုဆိုင်ကာ တီးခြင်းမျိုးလည်းရှိသည်။ လင်းကွင်းသံကိုကြားပြီးသည်နှင့် ပျောက်သွားလိုပါ က တီးခတ်ပြီးသည်နှင့်တီးသူက လင်းကွင်းများကို မိမိရင်ဘက်ပေါ်အပြားလိုက် ကပ်ထားလိုက်ပါက အသံအမြန်ပျောက်သွားလေသည်။

လင်းကွင်းသည် တစ်မျိုးသုံးတူရိယာမျိုး မဟုတ်ဟု အထက်မှာဖော်ပြခဲ့သော်လည်း ချွင်းချက် အနေဖြင့် တူရိယာသဘောမျိုးမဟုတ်ဘဲ အချက်ပြ သည့် သဘောမျိုးဖြင့် တစ်မျိုးတည်းသုံးသည့် နေရာရှိသည်။ လှေလှော်ပြိုင်ပွဲများတွင် လှေလှော် သမားတို့၏ တက်ချ၊ တက်ရုပ်အနှေးအမြန် ညီညာမှုရှိစေရန် လင်းကွင်းကို အုပ်ကာဖွင့်ကာ အချက်ပြ၍လိုက်တီး ပေးရသည်။ မြန်မာ့မြင်းပြို င်ပွဲများတွင်လည်း လင်းကွင်တီး၍ အချက်ပြပေး တီးပေးရသည်။

အချုပ်ဆိုရသော် လင်းကွင်းသည် ခေတ်အဆက် ဆက်အသုံးပြုခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ စာကဗျာများတွင်လည်း မှတ်တမ်းတင်ထားခဲ့သည် ကိုတွေ့ရသည်။ မဟာဇနကပျို့မှာ" စည်ပုပ်ပတ်သာ၊ သံဝါလင်းကွင်း"ဟုလည်းကောင်း၊ နေမိဘုံခန်းမှာ" သံချိုရှုပ်ရှုပ်၊ စည်းစုပ်လင်းကွင်း၊ ခရုသင်းနှင့်"ဟု လည်းကောင်း လင်းကွင်းပါသောအဖွဲ့များကို တွေ့ရသည်။

ထို့ကြောင့် မြန်မာ့တူရိယာများတွင် လင်းကွင်း သည် ထင်ရှားသောတူရိယာဖြစ်ကြောင်း သိနိုင် သကဲ့သို့ ဆိုင်းဝိုင်းများ၊ အိုးစည်ဝိုင်းများနှင့်ဒိုးပတ်ဝိုင်း များတွင် လည်းလင်းကွင်းမပါ၍မရပေ။ ထို့ကြောင့် လင်းကွင်းသည် ပဲခူးဆားဟုပင် တင်စားရလောက် သော မြန်မာ့ကြေးတူရိယာတစ်မျိုးဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။


**ကိုးကား**

- ကြေးသွန်းကြေးခတ် ပန်းတဉ်းအတတ်- အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)။
- အနုသုခုမသမိုင်းစဉ်မှ မြန်မာ့ဂီတဝိုင်းများ - ဇင်မင်း(သမိန်ထော)။
- မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၂။

# အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့် (ပုံစံ-၇) ရရှိခဲ့သူများ သိရှိနိုင်ရန် ကြေညာချက်

ရက်စွဲ။ ၉-၄-၂၀၂၆

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် Mandalay Business Capital City Development Ltd., တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ ရေကြီးရေလျှံမှုလျော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့် သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုး လုပ်ကိုင်ခွင့်များကို မြေ(၁ ဧက)လျှင် ကျပ်သိန်း(၁၅၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်းနည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါနည်းလမ်းများနှင့် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ (၈၅%)ခန့် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ အနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင်ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း ဆောင်ရွက်ရန်ကျန်ရှိနေသူများအား မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး (သို့မဟုတ်) စီမံကိန်းမြို့မြေကွက်များ လာရောက်ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီက (၁၅.၉.၂၀၂၃)ရက်နေ့တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈.၁.၂၀၂၄)ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ (၁၁.၁၁.၂၀၂၄)ရက်နေ့တွင် တတိယအကြိမ်အဖြစ်လည်းကောင်း၊ (၁၆.၃.၂၀၂၅) ရက်နေ့တွင် စတုတ္ထအကြိမ်အဖြစ်လည်းကောင်း၊ သတင်းစာများတွင် ကြေညာပေးခြင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီမှ ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့် မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ မြေယာများ လာရောက်ရောင်းချရန် ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန် ကျန်ရှိသူများအား (၁၁.၄.၂၀၂၄)ရက်နေ့မှ (၁၃.၇.၂၀၂၄)ရက်နေ့အတွင်း (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ) (၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုအခါ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး သတ်မှတ်တန်ဖိုးငွေ လာရောက်ထုတ်ယူရန် (သို့မဟုတ်) မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန် ကျန်ရှိနေသည့် ကွင်းအမှတ် (၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁(ရွှေကြက်ယက်))အတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသည့် စုစုပေါင်းဧရိယာ (၄၈၅.၅၀)ဧက၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ရုပ်သိမ်းခဲ့ပြီးဖြစ်သည့်အတွက် ပိုင်ဆိုင်မှုအထောက်အထားရှိသူများအနေဖြင့် မိမိတို့၏ စိုက်ပျိုးလုပ်ကိုင်ခွင့် စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီထံ ယခုကြေညာသည့်ရက်မှ ရက်ပေါင်း(၉၀)အတွင်း (၆.၇.၂၀၂၆ ရက်နေ့နောက်ဆုံးထား၍) သတ်မှတ်နှုန်းထားငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး
အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ

**ဆက်သွယ်ရန်**

- ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
  ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)
- အတွင်းရေးမှူး၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)
- အဖွဲ့ဝင်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၉၆၉၉၈၈၀၁၁ / ၀၉-၉၆၉၉၈၈၈၉၇)


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



ရွှေဘို ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၂၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၃၁၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးသည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဇော်မြင့်ထွန်းက ပြောပြ၍သိရသည်။ (၂၀၆)

# သရက်မြို့နယ် သဲတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

သရက် ဧပြီ ၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးတောင်ကျေးရွာအုပ်စု သဲတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည့် အချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ/ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

ဆက်လု

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**








# ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၈၃ လမ်း၊ ၂၈ လမ်းထောင့်နေ ဦးညီညီအောင် (ဘ) ဦးအစ္စမိုင် (၁၃/ကမန(နိုင်)၀၀၀၈၉၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ASM Special
အိမ်ရှင်မ
အဆင့်မြင့် သန့်စင်ပြီးဆန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညီညီအောင်သည် ပူးတွဲဖော်ပြပါ **"အိမ်ရှင်မ"** ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်း **မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၁၂/၁၉၉၆)**အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **"အိမ်ရှင်မ"** အမည်ဖြင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **"အိမ်ရှင်မ"** အမှတ်တံဆိပ်ဖြင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်းသည် **ဦးညီညီအောင်၏** တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည် အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်း တို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ဦးညီညီအောင်၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။


လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှဘုန်း(LL.B)
စဥ်-၁၀၃၈၈
တရားလွှတ်တော်ရှေ့နေ

ဦးပြည့်ကိုကို(LL.B)
စဥ်-၁၄၀၁၂
တရားလွှတ်တော်ရှေ့နေ

ဦးဟိန်းလတ်ဇော်(LL.B)
စဥ်-၁၈၅၈၅
တရားလွှတ်တော်ရှေ့နေ

အမှတ်(အေ-၁)၊ ၆၇ လမ်း၊ ၃၁-အေ နှင့် ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇


## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ 110 x 111 လမ်းကြား၊ 70A လမ်းနေ မောက်မှန့်လင့် (ဘ) ဦးလောစီ(၁/လဂန(နိုင်) ၀၀၂၁၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-663610)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-776553469**

## ပျောက်ဆုံးကြောင်း

သီပေါမြို့၊ နယ်မြေ(၈) ပန်းတိမ်မြောက်ရပ်ကွက်နေ ယူကျလု (ဘ) ဦးယူရှန်ရင့်(၁၃/သပန(နိုင်)၀၃၁၀၉၉)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-2011262**

## မီးငြိမ်းပြီးပါက ပြုလုပ်ရန်အချက်များ။



၁။ မိသားစုဝင်များကို စုံမစုံစစ်ဆေးပါ။

၂။ ထိခိုက်ဒဏ်ရာရသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာန၏ ခွင့်ပြုချက်ရရှိမှသာ မီးလောင်ပြီးသောအဆောက်အအုံအတွင်းသို့ဝင်ပါ။

၄။ လုံခြုံရေးအစီအမံများအတွက် ကူညီဆောင်ရွက်ပါ။

❖ နည်းပညာခေတ်ဖြစ်သည့် ယနေ့မျက်မှောက်ကာလတွင် အာကာသနှင့် ဂြိုဟ်တုနည်းပညာများသည် အချိန်နှင့်အမျှ တစ်ဟုန်ထိုးတိုးတက်လျက်ရှိပြီး လူသားမျိုးနွယ်၏အကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အာကာသသုတေသနလုပ်ငန်းများကို အပြိုင်အဆိုင်ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြုလုပ်သော အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဗီရာကွန်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့** စာမျက်နှာ - ၁၈

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၈**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို စတင်ကျင်းပသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

